မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၃၂)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ စနေနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ ဂျပန်ယန်း(၆၆)ဘီလီယံ ထုတ်ချေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ထားသည့်သဝဏ်လွှာကို လွှတ်တော်သို့ တင်ပြသည်။

အဆိုပါ သဝဏ်လွှာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေရန်နှင့် လစ်လပ်လျက်ရှိသည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဗိုလ်ချုပ်ကြီးမြတ်ဟိန်းကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းကို လည်းကောင်း ခန့်အပ်တာဝန်ပေးလိုကြောင်းဖြင့် ပါရှိကြောင်း သိရသည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည့် သဝဏ်လွှာနှင့်ပတ်သက်၍ လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့ပြင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ(ODA Loan)ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၇ ကော်လံ ၁ ◆

ယနေ့ မာတိကာ

မည်သည့်အလုပ်မဆို ဝေဖန်နေသည်ဆိုခြင်းထက် မိမိလုပ်ရမည့် အလုပ်ကို ပူးပေါင်းပါဝင်လုပ်ကိုင်ခြင်းသည် အမှန်ကန်ဆုံးဖြစ် *ခေါင်းကြီး* စာ - ၂

ပထမဆုံး တောင်ကိုရီးယား ဝန်ကြီးချုပ်ရွေး စာ - ၅

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

ယူရီးယားဓာတ်မြေသြဇာများကို တောင်သူများထံ ကြားခံအဆင့်အနည်းဆုံးဖြင့် ရောက်ရှိနိုင်မည့်နည်းလမ်းနှင့် ဖြန့်ဖြူးပေးမည်

အရည်အသွေးကောင်းမွန်ပြီး အလေးချိန်ပြည့်ဝသည့် ယူရီးယားဓာတ်မြေသြဇာအိတ်များ။

တွေ့ဆုံမေးမြန်းသူ-ရန်ကြီးအောင်၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလာပြီး တောင်သူများ ဝင်ငွေတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရာတွင် တောင်သူများစိုက်ပျိုးသည့် သီးနှံများအထွက်တိုးရန်လည်း လိုအပ်သည်။ ယင်းသို့ အထွက်တိုးရန်အတွက် စိုက်ပျိုးချိန်တွင် သွင်းအားစုများကို လိုအပ်သလို ထည့်သွင်းပေးရသည်။ အဓိကသွင်းအားစုမှာ အာဟာရနှင့် ကြီးထွားမှုကို ဖြစ်စေသည့် ဓာတ်မြေသြဇာများပင် ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို ထုတ်လုပ်၍ တောင်သူများသို့ ဖြန့်ဖြူးပေးနေကြောင်း သိရှိရသည်။ သို့ဖြစ်ရာ ဖြန့်ဖြူးပေးနေမှုအခြေအနေကို သိရှိရန် စွမ်းအင်ဝန်ကြီးဌာနသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဒေါ်သင်းသင်းအေး
ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

မေး ။ ။ ဓာတ်မြေသြဇာစက်ရုံတွေက ထုတ်လုပ်နေမှုပမာဏကို သိပါရစေ။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းလက်အောက်မှာ ဓာတ်မြေသြဇာစက်ရုံ ငါးရုံရှိတဲ့အနက် ကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှုအပေါ် မူတည်ပြီး လောလောဆယ် အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)၊ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နဲ့

စာမျက်နှာ ၈ ကော်လံ ၂ ❐



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ညီညာက ပြည်သာ

ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်ဆိုသော စာသားလေးကို ငယ်စဉ်က ကျောင်းသင်ခန်းစာတွင် ဖတ်ရှုခဲ့ရပါသည်။ မည်သည့်အလုပ်မဆို ညီညီညာညာ လုပ်ကိုင်သွားကြမည်ဆိုလျှင် အမြန်ဆုံးတိုးတက်အောင်မြင်စေနိုင်ကြောင်း ဖော်ညွှန်းထားသည့် စာသားလေးပင်ဖြစ်၏။ ယနေ့ခေတ်တွင် ထိုစာသားလေးသည် ပို၍ လေးနက်တန်ဖိုးရှိလာသည်ဟု ယူဆမိပါ၏။

အဘယ်ကြောင့်ဟူမူ ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ချီတက်နေပြီဖြစ်၏။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်များနှင့်အညီ ပြုပြင်ပြောင်းလဲမှုများဖြင့် ပုံဖော်ဆောင်ရွက်နေသည့် ကာလပင်ဖြစ်၏။ ကျွန်ုပ်တို့နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းစဉ်ကလို ညီညီညွတ်ညွတ် လုပ်ကိုင်သွားကြမည်ဆိုလျှင် တိုးတက်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် အမြန်ဆုံးရောက်ရှိလာနိုင်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြီးခဲ့သော လွတ်လပ်ရေးနေ့မတိုင်မီ မိန့်ခွန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်ကို သတိရမိပါသည်။

ယခုကာလသည် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ကြရမည့်အချိန်ဖြစ်ပါသည်။ အထူးသဖြင့် လူငယ်လူရွယ်တိုင်းသည် တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည်ကို တိုးတက်လိုသောစိတ်ဓာတ်များ မွေးမြူလုပ်ကိုင်ရန် လိုအပ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်များ၏အား၊ လူငယ်များ၏ အရင်းအမြစ်၊ လူငယ်များ၏ စုစည်း ညီညွတ်စွာ ဆောင်ရွက်လုပ်ကိုင်မှုများသည် အဓိကမောင်းနှင်စွမ်းအားအင်ဂျင်များပင် ဖြစ်ပါသည်။ ထိုမောင်းနှင်စွမ်းအားများသည် ပို၍အားကောင်းလာရမည်ဖြစ်ပါသည်။

လူငယ်ဆိုသည်မှာ လူကြီးထက် တက်တက်ကြွကြွ၊ ထက်ထက်မြက်မြက် လုပ်ကိုင်နိုင်စွမ်းအား ပိုရှိပါသည်။ ပို၍လည်း လုပ်ကိုင်နိုင်ကြပါသည်။ အမှန်တကယ်သာ ထိုအားများကို လူငယ်လူရွယ်တိုင်းက ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ကျရာအခန်းကဏ္ဍက အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် ယခုအခြေအနေထက် လျင်မြန်စွာ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်လုပ်သည့်အလုပ်ကို ဝေဖန်နေရုံဖြင့်မပြီးပါ။ အပြစ်ဆိုနေကြခြင်းဖြင့် အကောင်းချည်းဖြစ်မလာနိုင်ပါ။ အဆိုးနှင့်အကောင်းဟူသည် နေရာတိုင်းတွင် ရှိတတ်ပါသည်။ မည်သည့်အလုပ်မဆို ဝေဖန်နေသည်ဆိုခြင်းထက် မိမိလုပ်ရမည့်အလုပ်ကို ပူးပေါင်းပါဝင်လုပ်ကိုင်ခြင်းသည် အမှန်ကန်ဆုံးဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ဖန်တီးနိုင်ပါသည်။ အဓိကကတော့ အားလုံးအလုပ်လုပ်ရဖို့လိုပါသည်။ အားလုံးဝိုင်းဝန်းကြိုးစားမှ အရာရာအောင်မြင်နိုင်ပါသည်။ ညီညာက ပြည်သာမည်ဖြစ်ပါသည်။ ။

ခြင်းအလှခတ် ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ခြင်းအလှခတ်မည့် ဆပ်ကော်မတီအဖွဲ့က ကြီးမှူး၍ ဗုဒ္ဓပူဇနိယပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရေးကို အထောက်အကူပြုစေရန် ခြင်းလုံးအစ မြန်မာက ဆိုသည့် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနှင့် ယဉ်ကျေးမှုတို့ကို မြန်မာတို့ ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်လျက် ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၆ ရက်အထိ တစ်ရက်လျှင် ၂၂ ပွဲဖြင့် ၁၅ ရက်တိုင်တိုင် မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးဖြင့် နံနက် ၁၁ နာရီမှ ည ၁၁ နာရီ မိနစ် ၅၀ အထိ မင်းဓမ္မကုန်းပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိ အားကစားခြင်းရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မျိုးသန့်-အင်းစိန်)

ပြည်တွင်းသတင်း

သဘာဝဘေးအန္တရာယ်သတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန် ဂျပန်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ မိုးလေဝသ ရေဒါစခန်း သုံးခုနှင့် Automatic Weather Monitoring System များတပ်ဆင်ပြီးပါက မြန်မာနိုင်ငံ၏ မိုးလေဝသသတင်း အချက်အလက်များအား ယခုထက်ပိုမိုတိကျစွာ ရရှိတော့မည်ဖြစ်ကြောင်း၊ နာဂစ်ကဲ့သို့သော မုန်တိုင်းကြီးများအတွက် ပြည်သူများ ပိုမိုသတိပြုမိစေရန် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးသော TV Channel တစ်ခု လိုအပ်ကြောင်း၊ ထို Channel ရရှိပါက ပြည်သူများအတွက် မိုးလေဝသသတင်း၊ ရေလွှမ်းမိုးမှုသတင်း၊ မြေငလျင်သတင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်မည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများအတွက်လည်း ပြောင်းလဲနေသော ရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးသီးနှံရွေးချယ်ခြင်း၊ စိုက်ပျိုးရမည့်အချိန်ကာလ ရွေးချယ်ခြင်းတို့ကို Channel မှတစ်ဆင့် ပညာပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ပြည်သူတို့၏ စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဖြင့် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးရုံး၌ ဂျပန်နိုင်ငံ Sky Perfect Broadcasting Corporation, Broadcasting Business Group Vice President Mr. Minoru Yonezawa ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံစဉ် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက နေ့စဉ် မိုးလေဝသ သတင်းအချက်အလက်များရရှိပုံ၊ နေ့စဉ် ပြည်သူများသိရှိစေရန် ထုတ်ပြန်ပေးပုံ၊ ဂျပန်နိုင်ငံတွင် ပြည်သူများအတွက် မိုးလေဝသ သတင်းအချက်အလက်များကို Sky Perfect JSAT Corporation ၏ e-tenki.net မှ TV Channel တို့မှ ၂၄ နာရီပတ်လုံး ထုတ်လွှင့်ပေးနေမှု၊ မြန်မာနိုင်ငံအတွက် TV Channel တစ်ခု လိုအပ်မှုတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

သာသနာရေးရာကိစ္စများဆောင်ရွက်ရန် အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ သာသနာရေးရာကိစ္စများ တိုးမြှင့်ဆောင်ရွက်ရန် သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ဘုရား၊ စေတီ၊ ကျောင်းများအား ပြုပြင်ရန်နှင့် နာဂလိုဏ်ဂူဘုန်းကြီးကျောင်းရှိ ပရိယတ္တိပညာရေးတိုးမြှင့်ဆောင်ရွက်ရန် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Tanasak Patimapragom နှင့်ဇနီး၊ အဖွဲ့ဝင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက နာဂလိုဏ်ဂူ ကလေးဝတောရ ကျောင်းတိုက်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာ ခင်ရွှေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်၊ သံဃာတော်များထံမှ အနုမောဒနာ တရားနာယူကြသည်။ ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Tanasak Patimapragom နှင့် ဇနီးတို့က အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံ ပင့်သကူ ကထိန်သင်္ကန်း၊ အလှူငွေ ထိုင်းဘတ်ငွေ ၁၄၆၈၃၄၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် ဧည့်သည်တော်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကလေးဝဆရာတော်က ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးတို့အား ဓမ္မလက်ဆောင် ပေးအပ်သည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ရင်ထိုးတံဆိပ်နှင့် အမှတ်တရလက်ဆောင် ပေးအပ်သည်။ **(အပေါ်ပုံ)** ယင်းနောက် ဧည့်သည်တော်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

(ညီညီစိုးညွန့်)

ထင်သာမြင်သာပြုပြင်စရာ

ခရီးသွားပြည်သူနှင့် ဆိုင်ကယ်ကယ်ရီပြဿနာ

ဖျာပုံမြို့သည် အခြားမြို့များသို့ ရေလမ်းခရီးအပြင် ကုန်းလမ်းခရီးဖြင့်ပါ ဆက်သွယ်သွားလာနိုင်သဖြင့် သွားလာရေးလွယ်ကူသည့် မြို့တစ်မြို့ဟုလည်း ဆိုနိုင်သည်။ ကုန်းလမ်းခရီးဖြင့် သွားလျှင် အထူးသဖြင့် ဖျာပုံမြို့မြောက်ပိုင်း ကားဂိတ်နှင့် တောင်ပိုင်းကားလေးဂိတ်တို့မှ လိုင်းကားများဖြင့် ခရီးသွားလာကြရသည်။ ထိုသို့ သွားလာကြရာတွင် ခရီးသွားပြည်သူများအနေဖြင့် အသွားခရီးစဉ်တွင် လွယ်ကူချောမွေ့သော်လည်း အပြန်ခရီး၌ ကားဝင်းအသီးသီးသို့ ရောက်၍ ကားရပ်လိုက်သည်နှင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ အခြားမဟုတ်။ ဆိုင်ကယ်ကယ်ရီမောင်းများကြောင့်ဖြစ်သည်။ ကားဝင်းအတွင်း၌ ကားရပ်လိုက်သည်နှင့် ဆိုင်ကယ်ကယ်ရီမောင်းသူများသည် ခရီးသည်များဆင်းမည့် ကားတံခါးပေါက်ဝတွင် ဝိုင်းအုံလာကာ ခရီးသည်များ၏ ခရီးဆောင်အိတ်နှင့် ပစ္စည်းများကို ၎င်းတို့နှင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အတင်းဆွဲယူကြသည်။

ကြုံနေကြရ

အဆိုပါ ကယ်ရီမောင်းသူအချို့၏ ဝိုင်းအုံလာကြခြင်းကြောင့် အဆင်းခက်ကြရသည့်အပြင် တချို့အမျိုးသမီးငယ်များဆိုလျှင် ကာအိန္ဒြေပျက်လောက်သည်အထိ တိုးဝှေ့ခံရခြင်းများ ကြုံနေကြရသည်။ သို့အတွက် ခရီးသွားပြည်သူများအနေဖြင့် ခရီးသွားနေစဉ် မလိုလားအပ်သည့် ရာဇဝတ်မှုများ ပေါ်ပေါက်လာနိုင်သည်ကို စိုးရိမ်နေကြရသည်။ ဖော်ပြပါဖြစ်ရပ်များသည် တချို့သောမြို့များတွင်လည်း မကြာခဏ ကြုံတွေ့နေကြရကြောင်း သိရသည်။

ခရီးသွား ပြည်သူများအနေနှင့် ခရီးသွားလာရာ၌ ယာဉ်အန္တရာယ်ကင်းရေးနှင့်အတူ လူအန္တရာယ်ကင်းရှင်းရေးကိုလည်း လိုလားလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

သူဇာနွယ်(ဖျာပုံ)

ထမနဲပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ရပ်ကို ထိန်းသိမ်းဖော်ဆောင်သောအားဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီတွင် ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက် (တပို့တွဲလပြည့်နေ့) နံနက် ၅ နာရီခွဲတွင် ဆွမ်းတော်ကြီးကပ်လှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မောင်စိုးဝင်း)

အလိမ္မာ စာမှာရှိ

ပြည်တွင်းသတင်း

လွှတ်တော်ကော်မတီများမှ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုအပေါ် EU နိုင်ငံများမှ ကူညီဆောင်ရွက်ပေးစေလိုသည့်အချက်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Jacques VALADE ဦးဆောင်သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့်သံရုံးတာဝန်ရှိသူများအား ယနေ့ညနေ ၃ နာရီတွင်နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် အကောင်အထည်ဖော်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ပြည်သူလူထုအား အသိပညာတိုးတက်စေရေးဆောင်ရွက်ပေးရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချပေးရန် လိုအပ်ချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့် ခွဲဝေပေးထားမှုအခြေအနေများ၊ လွှတ်တော်၌ ပြည်သူများအတွက် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာ(၃)ရပ်ကို အပြန်အလှန်ထိန်းညှိဆောင်ရွက်နေမှုများ၊ လွှတ်တော်ကော်မတီများမှ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအပေါ် EU နိုင်ငံများမှ ကူညီဆောင်ရွက်ပေးစေလိုသည့် အချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Jacques VALADE ဦးဆောင်သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခနှစ်ကြိမ်ဖြစ်ပွားပြီးနောက်ပိုင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊၁၉၈၂ခုနှစ်မြန်မာနိုင်ငံသားဥပဒေနှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊ ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအပေါ် UNHCR က ကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Kasidis Rochanakon၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. James Lynch၊ ဌာနေကိုယ်စားလှယ် Mr. Johannes G.ten Feldတို့ ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဂျပန်နိုင်ငံအစိုးရက ကချင်ပြည်နယ်၌ တံတားတည်ဆောက်ရေးအတွက် သဘောတူညီချက်လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၈

ဂျပန်နိုင်ငံအစိုးရက လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကြာရပတ္တီးကျေးရွာအုပ်စု တံတားတည်ဆောက်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၂၀၉၅၂ ကို ပေးအပ်ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

သတ်မှတ်ခွင့်ပြု

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mikio NUMATA နှင့် ကြာရပတ္တီးကျေးရွာအုပ်စု တံတားဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌတို့သည် ဖေဖော်ဝါရီ ၇ ရက်တွင် အထောက်အပံ့ပေးရေးသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ အဆိုပါ ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် အရေးပေါ်လူနာများအား မြစ်ကြီးနားဆေးရုံကြီးသို့ပို့ဆောင်ကုသနေရကြောင်း၊ ကျေးရွာများ၌ မူလတန်းကျောင်းသာ ရှိသဖြင့် ကျောင်းသား ကျောင်းသူများသည် မြစ်ကြီးနားမြို့ရှိ အလယ်တန်းကျောင်းများသို့ သွားရောက်ပညာသင်ကြားကြရကြောင်း၊ ဒေသထွက်ကုန်များအားလည်း မြစ်ကြီးနားဈေးသို့ သွားရောက်ရောင်းချကြရကြောင်း၊ ထိုသို့ သွားရောက်ရာတွင် အသုံးပြုသည့် ယင်းကျေးရွာအုပ်စုမှ မြစ်ကြီးနားမြို့သို့ အကွာအဝေး လေးမိုင်ရှိ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် သတ်မှတ်ခွင့်ပြုပြီးဖြစ်ကြောင်း၊ သို့ရာတွင် အဆိုပါလမ်းပိုင်းရှိ ကြာရပတ္တီးတံတားမှာ ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိသဖြင့် ရာသီမရွေးသွားလာနိုင်ရန် အရှည်ပေ ၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်သံရက်မ တံတားတစ်စင်း တည်ဆောက်ထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကချင်ပြည်နယ်ရှိ ဒေသခံများအတွက် ထောက်ပံ့လှူဒါန်းခြင်းကြောင့် ဂျပန်-မြန်မာနိုင်ငံ ချစ်ကြည်ရေးကို ပိုမိုတိုးတက် ခိုင်မာစေလိမ့်မည်ဟု ဂျပန်နိုင်ငံက မျှော်လင့်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

၈-၂-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးပါ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ သတင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်ဆန်းရီ အစား ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဟုပြင်ဆင်ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ အသိပေးနှိုးဆော်စာ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ရှေးဟောင်းပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများကို ကွင်းဆင်းသုတေသနပြုလုပ်ခြင်း၊ တူးဖော်သုတေသနပြုလုပ်ခြင်း၊ ဥပဒေနှင့်အညီ စည်းကမ်းချက်များထုတ်ပြန်၍ ကာကွယ်ထိန်းသိမ်းခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

၂။ ထို့အပြင် ယဉ်ကျေးမှုဆိုင်ရာ သမိုင်းအထောက်အထားများကို နေရာဒေသအပေါ်မူတည်၍ နှစ်စဉ်ကွင်းဆင်းလေ့လာခြင်းနှင့် တူးဖော်သုတေသနပြုလုပ်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းတို့အတွက် ၁၉၅၇ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေနှင့် ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် အညီ လိုက်နာစောင့်ထိန်းလျက်ရှိပါသည်။

၃။ ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၈ တို့အရလည်း ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်ပသို့ထုတ်ဆောင်ခြင်း၊ ထုတ်ဆောင်ရန်အားထုတ်ခြင်းနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကိုတမင်ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်း၊ ထိခိုက်ချွတ်ယွင်းစေခြင်း၊ ပြောင်းလဲခြင်း၊ အသွင်ပျက်ခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ တူးဖော်ခြင်းတစ်မျိုးမျိုးကို ပြုလုပ်ပါက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထောင်ဒဏ်၊ ငွေဒဏ်၊ (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံးပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်ကြောင်း ဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

၄။ ၁၉၅၇ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေ ပုဒ်မ ၄ အရ ဤဌာန၊ ညွှန်ကြားရေးမှူးချုပ်အား ရှေးဟောင်းဝတ္ထုပစ္စည်းများကို စောင့်ရှောက်ထိန်းသိမ်းခြင်း တာဝန်အား အပ်နှင်းပြီးဖြစ်ပါသည်။ အမည်လိမ်ဖြင့် တာဝန်မရှိဘဲ ဌာနအမည်၊ ဝန်ထမ်းအမည်များကိုအသုံးပြု၍ ရောင်းဝယ်ခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို တူးဖော်ခြင်း၊ ရှာဖွေခြင်း၊ အခြားတစ်နည်းနည်းဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်းများအား ဥပဒေမဲ့ ဆောင်ရွက်သူများ၊ ဥပဒေချိုးဖောက်သူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

နိုင်ငံတကာသတင်း

ရုရှားတိုက်လေယာဉ်များ ဂျပန်ပိုင်နက်ဝင်ရောက်

မော်စကို ဖေဖော်ဝါရီ ၈

ရုရှားဂျက်တိုက်လေယာဉ်နှစ်စင်းသည် ဟော့ကိုင်းရိုကျွန်းအနောက်မြောက်ပိုင်း ဝေဟင်ပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

ရုရှားပိုင် စစ်လေယာဉ်နှစ်စင်းသည် ဖေဖော်ဝါရီ ၇ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်က ဟော့ကိုင်းရိုကျွန်းစုရီရှုရီရေပြင်အထက် ချိုးဖောက်ဝင်ရောက်ခဲ့သည်ဟု ဂျပန်နိုင်ငံခြားရေးရုံးက ပြောကြားသည်။ ဂျပန်လေတပ်က ထိုသို့ဝင်ရောက်စဉ် မှတ်တမ်းတင်ရိုက်ကူးနိုင်ခဲ့ကြောင်း၊ အချိန် တစ်မိနစ်ကြာခဲ့ကြောင်း ဂျပန်နိုင်ငံက ပြောကြားသည်။

ယင်းကဲ့သို့ ပိုင်နက်ချိုးဖောက်ဝင်ရောက်ခြင်းသည် ပြဿနာတစ်ရပ်ကို အစပျိုးခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူ ယိုရှိဟိုက်ယိုရှိဒါက ပြောကြားသည်။ ဂျပန်က ယင်းကျူးကျော်ဝင်ရောက်မှုကို ရုရှားသို့ တရားဝင်တိုင်ကြားခဲ့သည်။ သို့သော် ယင်းကိစ္စကို ရုရှားဘက်က ငြင်းဆိုထားသည်။ **(ပရက်စ်တီဗွီ)**

အိန္ဒိယနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

နယူးဒေလီ ဖေဖော်ဝါရီ ၈

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ရက်သတ္တပါတ်ကျော်ကတည်းက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ရာ အနည်းဆုံး ၉၄ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရောဂါဖြစ်ပွားသူဦးရေ ၄၅၀ ထက်မနည်းရှိနေပြီး ရာဂျက်စသန်ပြည်နယ်မြောက်ပိုင်းဒေသများတွင် အများဆုံးတွေ့ရသည်ဟု အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ရောဂါဖြစ်ပွားရခြင်းအကြောင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေလျက်ရှိသည်။ ရောဂါဖြစ်ပွားရမှုမှာ ဆောင်းရာသီ၏အပူချိန်လျော့ကျမှုကြောင့်ဟု ကျွမ်းကျင်သူများက ဆိုကြသည်။

အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်သော H_1N_1 ဗိုင်းရပ်စ်သည် ၂၀၀၉ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံ၌ စတင်တွေ့ရှိခဲ့ရပြီးနောက် တစ်ကမ္ဘာလုံးသို့ လျင်မြန်စွာပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ အဆိုပါရောဂါဖြစ်ပွားမှုကြောင့် ၂၀၀၉ ခုနှစ်တွင် ၉၈၁ဦး၊ ၂၀၁၀ ခုနှစ်တွင် ၁၇၆၃ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၇၅ ဦးနှင့် ၂၀၁၂ ခုနှစ်တွင် ၄၀၅ဦးသေဆုံးခဲ့သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၎င်းရောဂါဖြင့် သေဆုံးသူဦးရေ ၂၀၀၀၀၀ ရှိသည်ဟု ဖော်ပြထားသည်။

ရာဂျက်စသန်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၂၄၆ ဦးရှိခဲ့ရာ သေဆုံးသူ ၅၄ ဦးရှိသည်။ မြို့တော် ဒေလီတွင်မူ သုံးဦးထက်မနည်း ရှိသည်ဟုဆိုသည်။

အကြံပြုထား

အဆိုပါရောဂါကြောင့် ထိတ်လန့်တုန်လှုပ်ရန်မလိုဘဲ ရောဂါတားဆီးရေးအစီအစဉ်များအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြပါဟု ကျန်းမာရေးတာဝန်ရှိသူများက အကြံပြုထားသည်။ **(ဘီဘီစီ)**

ဖိအားပေးခြိမ်းခြောက်သည့် အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးရန်မရှိဟု အီရန်ခေါင်းဆောင်ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၈

အီရန်နိုင်ငံအနေဖြင့် နျူကလီးယား ဆွေးနွေးပွဲပြန်စရန် နိုင်ငံတကာအသိုင်းအဝိုင်းက တိုက်တွန်းထားသော်လည်း အမေရိကန်၏ ဖိအားပေးခြိမ်းခြောက်မှုများကို လက်မခံနိုင်ကြောင်း၊ အီရန်ခေါင်းဆောင် အယာတိုလာခါမေနီက ပြောကြားလိုက်ကြောင်း ဖေဖော်ဝါရီ ၈ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

မိမိသည် သံတမန်တစ်ဦးမဟုတ်ကြောင်း၊ ရိုးသားပွင့်လင်းစွာ ပြောတတ်သူသာဖြစ်ကြောင်း၊ သို့သော် ဖိအားပေး ခြိမ်းခြောက်မှုများဖြင့် မည်သည့်ဆွေးနွေးပွဲကမ်းလှမ်းမှုများကိုမဆို လက်ခံမည်မဟုတ်ကြောင်း အယာတိုလာခါမေနီက ဖေဖော်ဝါရီ ၇ ရက်က အီရန်ရေတပ်တပ်မှူးများနှင့်တွေ့ဆုံရာတွင် ပြောကြားသည်။

တစ်ဖက်နှင့်တစ်ဖက် ခြိမ်းခြောက်မှု ဖိအားပေးမှုမပါဘဲ တရားသဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခြင်းသည်သာ စေ့စပ်ညှိနှိုင်းသည့် သဘောသက်ရောက်ပါကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လွန်ခဲ့သောလေးနှစ်က အမေရိကန်တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင်လည်း ခါမေနီက အထက်ပါအတိုင်းပြောကြားခဲ့သည်ဟု ဆိုသည်။

အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုက်ဒင်က နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်နှင့် တိုက်ရိုက်ဆွေးနွေးရန် အသင့်ရှိပါကြောင်း ဖေဖော်ဝါရီ ၂ ရက်က ဂျာမနီ၌ကျင်းပသော (၄၉) ကြိမ်မြောက် မြူးနစ်လုံခြုံရေးကွန်ဖရင့်၌ ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

၂၀၀၈ ခုနှစ်ကတည်းက အမေရိကန်တို့၏စစ်ဆင်ရေးကြောင့် အာဖဂန်နစ္စတန်ရှိ ကလေးငယ်ရာပေါင်းများစွာသေဆုံးခဲ့

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၈

စစ်ဘေးစစ်ဒဏ်ကြောင့် ပြိုကွဲပျက်စီးနေခဲ့သော အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၈ ခုနှစ်ကတည်းကစပြီး အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း အာဖဂန်ကလေးငယ်ရာပေါင်းများစွာ သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂ အစီရင်ခံစာသစ်တစ်ရပ်ကို ဖော်ပြသည်။

အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များအနေဖြင့် အာဖဂန်ကလေးငယ်များကို ဖမ်းဆီးခြင်းနှင့် အကျဉ်းချခြင်းများ၌လည်း အဓိက ပါဝင်ခဲ့ကြောင်း ကုလသမဂ္ဂကလေးအခွင့်အရေးကော်မတီက ဖေဖော်ဝါရီ ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အာဖဂန်ကလေးငယ်အချို့သည် အမေရိကန်တို့၏ အကျဉ်းချထားသော အဆောက်အအုံအတွင်း ညှဉ်းပန်းနှိပ်စက်မှုခံခဲ့ကြရကြောင်း အဆိုပါ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းသေဆုံးမှုကို တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိမှုကြောင့် ၂၀၁၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ကလေးငယ် သေဆုံးမှုမှာ နှစ်ဆအထိ မြင့်တက်လာခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အရပ်သားများနှင့် ကလေးငယ်များ ကိုယ်လက်အင်္ဂါချို့ယွင်းမှုနှင့် သေဆုံးမှုများအား ကြိုတင်ကာကွယ်နိုင်ရန် ကုလသမဂ္ဂကလေးအခွင့်အရေးကော်မတီကအမေရိကန်သို့ မေတ္တာရပ်ခံခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

သေနတ်သမားများလက်ချက်ဖြင့် မက္ကဆီကိုရဲအရာရှိကိုးဦးသေဆုံး

ဂွါယာကို ဖေဖော်ဝါရီ ၈

မက္ကစီကိုနိုင်ငံအနောက်တောင်ပိုင်း၌ သေနတ်သမားတို့၏လက်ချက်ဖြင့် ရဲအရာရှိကိုးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အောက်ပုံ)**

ယင်းတို့သည် တာဝန်ထမ်းဆောင်စဉ် သေနတ်သမားများ၏ပစ်ခတ်မှုကြောင့်သေဆုံးခဲ့ရကြောင်း အစိုးရရှေ့နေချုပ်ရုံးက ဖေဖော်ဝါရီ ၆ ရက်တွင် ကြေညာသည်။ တိုက်ခိုက်သူများသည် မည်သူမည်ဝါဖြစ်ကြောင်း မသိရသေးဟု ဆိုသည်။ အဆိုပါတိုက်ခိုက်မှုသည် အပတ်တာဒီကာစတီဂွါန်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဂွါယာကိုပြည်နယ်သည် မူးယစ်ဆေးဝါးအကြမ်းဖက်သူများ ထူပြောရာဒေသတစ်ခုဖြစ်သည်။

မက္ကဆီကိုသမ္မတဟောင်း ဖီးလစ်ကယ်ဒါရွန် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက မူးယစ်ဆေးဝါးဂိုဏ်းများအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် မက္ကဆီကိုနိုင်ငံအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့်အကြမ်းဖက်မှုများကြောင့် သေဆုံးသူအနည်းဆုံး ၇၀၀၀၀ အထိ ရှိပြီဟု ဆိုသည်။ **(ရိုက်တာ)**

တင်မောင်လွင်-စုစည်းသည်

ဒါကာမြို့အနီး ကူးတို့ရေယာဉ်နစ်မြုပ် လူအများအပြား ပျောက်ဆုံး

ဒါကာ ဖေဖော်ဝါရီ ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာအနီးတွင် ဖေဖော်ဝါရီ ၈ ရက်က မက်နာအမည်ရှိ မြစ်တစ်မြစ်အတွင်း လူပေါင်း ၁၀၀ အား တင်ဆောင်လာသော ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ လူအများအပြား ပျောက်ဆုံးလျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ကူးတို့ရေယာဉ်နစ်မြုပ်ပြီးနောက် ၂၅ ဦးခန့်မှာ မြစ်အတွင်းခုန်ချပြီး အနီးနားရှိ ကမ်းခြေသို့ ရေကူးသွားခဲ့ကြောင်း၊ သို့သော်လည်း ၅၀ ခန့်မှာ ပျောက်ဆုံးနေကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဆာဖူဒင်ကာဒယ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အဆိုပါမြစ်အတွင်းတွင် ကူးတို့ရေယာဉ် မတော်တဆမှုများ မကြာခဏဖြစ်ပေါ်မှုကြောင့် နှစ်စဉ် လူပေါင်းများစွာ သေဆုံးလျက်ရှိသည်ဟု ဆိုသည်။

ပြီးခဲ့သည့်နှစ် မတ်လက အဆိုပါမက်နာမြစ်အတွင်း ကူးတို့ ရေယာဉ်တစ်စင်းနှင့် လောင်စာဆီတင်ရေယာဉ်တစ်စင်းတို့တိုက်မှုဖြစ်ပွားပြီး နစ်မြုပ်မှုဖြစ်ပွားရာ လူပေါင်း ၁၁၂ ဦးထက်မနည်း သေဆုံးခဲ့သည်ဟုဆိုသည်။ **(ဘီဘီစီ)**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော အမေရိကန်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

အာဖဂန်အရှေ့ပိုင်း၌ နေတိုးရဟတ်ယာဉ်ပျက်ကျ

ကဘူးလ် ဖေဖော်ဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များပိုင်ဆိုင်သည့် ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံအရှေ့ပိုင်းတွင် ပျက်ကျခဲ့ကြောင်း နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ပြောကြားချက်ကို ဖေဖော်ဝါရီ ၈ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါနေတိုးရဟတ်ယာဉ်သည် ကာပီဆာပြည်နယ် အရှေ့ပိုင်းတွင် ဖေဖော်ဝါရီ ၇ ရက်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အိုင်အက်စ်အေအက်ဖ်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၎င်းရဟတ်ယာဉ်သည် အာဖဂန်အရှေ့ပိုင်းတွင် ပျက်ကျခဲ့သည်ဟု မိမိတို့အတည်ပြုခဲ့ကြောင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေကြောင်း၊ သို့သော်လည်း ကနဦးစုံစမ်းစစ်ဆေးချက်အရ လေယာဉ်ပျက်ကျချိန်တွင် ယင်းဧရိယာအတွင်း ရန်သူများလှုပ်ရှားသွားလာခြင်းမရှိကြောင်း၊ မိမိတို့ထုတ်ပြန်သည့်အချိန်တွင် သေကျေပျက်စီးမှုများမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုအတောအတွင်း တာလီဘန်တစ်ဦး၏ပြောကြားချက်အရ အဆိုပါနေတိုးရဟတ်ယာဉ်ကို ကာပီဆာပြည်နယ် တာဂပ်ခရိုင်အတွင်း ဒုံးကျည်ဖြင့် ပစ်ချခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

စုံစမ်းစစ်ဆေး

ရဟတ်ယာဉ်ပေါ် လိုက်ပါသူအားလုံး သေဆုံးခဲ့ကြောင်း လက်နက်ကိုင်အုပ်စုက အခိုင်အမာပြောကြားခဲ့သည်။ ယင်းမတော်တဆဖြစ်မှုကို မိမိတို့အတည်ပြုခဲ့ပြီး ရဟတ်ယာဉ်ပျက်ကျမှုနှင့် သေကျေပျက်စီးမှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး မက်ရာဘွတ်ဒင်ကပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ကင်ညာနိုင်ငံကို အိုဘားမားသံယောဇဉ်ဖြစ်ရသည့်အကြောင်း ....

ကင်ညာနိုင်ငံ၌ ရှေ့လကျင်းပမည့် ရွေးကောက်ပွဲတွင် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများမဖြစ်အောင် တားဆီးကြရန် ကင်ညာပြည်သူများအား အမေရိကန်သမ္မတဘားရက်အိုဘားမားက တိုက်တွန်းပြောကြားလိုက်သည်။ သမ္မတအိုဘားမားသည် ကင်ညာနိုင်ငံ၌ မည်သည့်အခါကမျှ နေထိုင်ခဲ့ဖူးခြင်းမရှိပေ။ သို့သော် သမ္မတ အိုဘားမားအနေဖြင့် ဤမျှစေတနာပြ၊ သံယောဇဉ်ထားနေခြင်းမှာ ကင်ညာနိုင်ငံသည် သူ့ဖခင်အိုဘားမားစီနီယာ၏ မွေးရပ်နိုင်ငံဖြစ်ခြင်းကြောင့်ဖြစ်သည်မှာ ထင်ရှားသည်။

ရွေးကောက်ပွဲသည် မိမိတို့မှာ မည်သည့်မျိုးနွယ်မှ ပေါက်ဖွားလာသည်၊ မည်သည့်မျိုးနွယ်စုဖြစ်သည်ဆိုခြင်းကို ပြသရုံမျှမက မိမိတို့နိုင်ငံသည် ဂုဏ်ယူဝင့်ကြွားလောက်သည့်နိုင်ငံဖြစ်ကြောင်း ကင်ညာပြည်သူတို့တစ်စုတစ်စည်းတည်းပြသရန် အခွင့်အရေး တစ်ရပ်ဖြစ်သည်ဟုလည်း အမေရိကန်သမ္မတ အိုဘားမားက ဖွင့်ဆိုလိုက်သေးသည်။

တစ်စုတစ်စည်းတည်း ဟူသောစကားကို သမ္မတအိုဘားမားထည့်သုံးခြင်းမှာလည်း အဓိပ္ပာယ်ရှိသည်။ ၂၀၀၇ ခုနှစ်တွင် ကင်ညာနိုင်ငံ၌ ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် သဘောထားကွဲမှုများ၊ အငြင်းပွားမှုများနှင့်တကွ အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့သည့် လူ့အသက်ပေါင်း ၁၀၀၀ ကျော်စတေးခဲ့ရသည် မဟုတ်

ပါလား။ ယခုလာမည့်လ (မတ် ၄ ရက်) တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် ၂၀၀၇ ခုနှစ်ရွေးကောက်ပွဲ အကြမ်းဖက်မှု အနိဋ္ဌာရုံအပြီး ထိုနိုင်ငံ၌ ပထမဆုံးကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။

ယင်းရွေးကောက်ပွဲကို တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရန် သမ္မတအိုဘားမားက ဆန္ဒရှိနေခြင်းဖြစ်သည်။ ကင်ညာနိုင်ငံ၌ သမ္မတအိုဘားမားမည်သည့်အချိန်အခါကမျှ နေထိုင်ခဲ့ခြင်းမရှိသော်လည်း သူ့ဖခင်၏ မွေးရပ်နိုင်ငံ ကင်ညာနိုင်ငံကမူ အမေရိကန်လိုကမ္ဘာ့အင်အားကြီးနိုင်ငံတွင် မစ္စတာအိုဘားမားသမ္မတ ဖြစ်လာရခြင်းကို များစွာဂုဏ်ယူလျက်ရှိသည်။

သမ္မတအိုဘားမား ပထမသမ္မတသက်တမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ် အာဖရိကတိုက်ဂါနာနိုင်ငံသို့ ရောက်ရှိပြောကြားခဲ့သည့် မိန့်ခွန်းတွင် အာဖရိကတိုက်၏ အနာဂတ်မှာ အာဖရိက ပြည်သူတို့လက်တွင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဤသည်မှာ အမေရိကန်အနေဖြင့် ဒေသတစ်ခုအတွင်း ဩဇာတိက္ကမအကန့်အသတ်ဖြင့်သာ ရှိနေကြောင်း မသိမသာဝန်ခံလိုက်သည့် သဘောဖြစ်သည်။ ယခုအခါ အာဖရိကတိုက်၏ ပြည်ပကုန်သွယ်ရေးမှာ အမေရိကန်ထက် တရုတ်နှင့်ကုန်သွယ်မှုက ပိုများသည်ကို တွေ့ရသည်။ ထိုသို့ဆိုလျှင် သမ္မတအိုဘားမား၏ ဒုတိယအကြိမ်သမ္မတသက်တမ်းအတွင်း မည်သို့ပြောင်းလဲလာမည်ကိုမူ စောင့်ကြည့်ရန်သာရှိသည်။

အမေရိကန်နိုင်ငံ၏ ပထမဆုံးသော အမေရိကန်-အာဖရိက ကပြားသမ္မတ အိုဘားမားကလည်း သူ၏ဇာတိချက်ကြွေ အမေရိကန်မြေပြီးလျှင် ကင်ညာနိုင်ငံမှာ သူ့အတွက် ဒုတိယအလေးထားရသည့် ဘိုးဘွားမြေအဖြစ် သဘောထားကြောင်း သိရသည်။

ကင်ညာနိုင်ငံ၌ ယခုအခါ သူ့ဖခင် အိုဘားမားစီနီယာမရှိတော့သော်လည်း သူ့ဖခင်၏ မိထွေးဆာရာ အိုဘားမားသက်ရှိထင်ရှား ရှိနေသည်။ ဖခင်အိုဘားမားစီနီယာမှာ ကင်ညာနိုင်ငံ၌ ၁၉၈၂ ခုနှစ်က ကားတိုက်မှုတစ်ခုတွင် သေဆုံးသွားခဲ့သည်။ ဆာရာအိုဘားမားမှာ ကင်ညာနိုင်ငံအနောက်ပိုင်း ကိုဂီလိုကျေးရွာ၌ နေထိုင်လျက်ပင်ရှိသည်။

ကင်ညာ ပြည်သူများအနေဖြင့် တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲကျင်းပရန် ပြည်သူအချင်းချင်းကြားရှိ ပဋိပက္ခများကို ခေါင်းဆောင်ဆွဲ(?)တုတ်ဆွဲပြီး လမ်းပေါ်၌ မဖြေရှင်းကြဘဲ တရားရုံးများတွင် ဦးတိုက်လျှောက်ထားအဆုံးအဖြတ်ခံယူကြရန် သမ္မတအိုဘားမားက တိုက်တွန်းလိုက်သည်။

သားသမီးတို့မည်သည် မိဘ၏ဆိုးမွေ ကောင်းမွေကို ခံကြရစမြဲဖြစ်သည်။ ထို့အတူ မိရိုးဖရိုးဂုဏ်ကိုထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန်နှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အကျိုး သယ်ပိုးရန်လည်း တာဝန်ရှိသည်။ ထို့ကြောင့် သမ္မတအိုဘားမား၏ ဆန္ဒသည် ဆွေမျိုးများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးလိုသည့် ဆန္ဒအဖြစ် ရှုမြင်ရသည်။

တိုး -ရေးသားသည်

Junction Cineplex

၈.၂.၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ)

Junction Square	(Ph - 01 527 055)	
Sammy - 2 (3D)	[illegible]	10:30 ၊ 1:00 ၊ 4:00 ၊ 7:00
	[illegible]	10:30 ၊ 1:00 ၊ 4:00 ၊ 7:00 ၊ 9:00
[illegible]	[illegible]	10:30 ၊ 1:30 ၊ 4:30 ၊ 7:30
	[illegible]	10:00 ၊ 12:30 ၊ 3:30 ၊ 6:30 ၊ 9:30
[illegible]	[illegible]	10:30 ၊ 1:30 ၊ 4:30 ၊ 7:30
	[illegible]	10:00 ၊ 12:30 ၊ 3:30 ၊ 6:30 ၊ 9:30
Junction Maw Tin	(Ph - 01 225 244)	
Sammy - 2 (3D)	[illegible]	10:30 ၊ 1:00 ၊ 4:00 ၊ 7:00
	[illegible]	10:30 ၊ 1:00 ၊ 4:00 ၊ 7:00 ၊ 9:00
[illegible]	[illegible]	10:30 ၊ 1:30 ၊ 4:30 ၊ 7:30
	[illegible]	10:00 ၊ 12:30 ၊ 3:00 ၊ 6:00 ၊ 9:00
Junction Nay Pyi Taw	(Ph - 067 421 615)	
[illegible]	[illegible]	10:30 ၊ 1:30 ၊ 4:30 ၊ 7:30

Junction Cineplex Maw Tin နှင့် Square တွင် တပြိုင်တည်း ပြမည်

နိုင်ငံတကာသတင်း

ပထမဆုံး တောင်ကိုရီးယားဝန်ကြီးချုပ်ရွေး

ရွေးကောက်တင်မြှောက်ခံရသော တောင်ကိုရီးယားအမျိုးသမီးသမ္မတ ပတ်ဂျီအန်ဟေးက လာမည့် သူမ၏အစိုးရသစ်အတွက် ရှေ့နေချုပ်ဟောင်း ချွန်ဟောင်ကို ပထမဆုံးသော ဝန်ကြီးချုပ်အဖြစ် ဖေဖော်ဝါရီ ၈ ရက်က ရွေးချယ်လိုက်သည်။

အသက် ၆၉ နှစ်ရှိ ချွန်ဟောင်သည် ရှေ့နေတစ်ဦးဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ် ရွေးကောက်ပွဲကျင်းပစဉ်အတွင်း အာဏာရပါတီတွင်လည်း တာဝန်ထမ်းဆောင်သူဖြစ်သည်။ ၎င်းသည် လာမည့် သီတင်းပတ်များအတွင်း ပါလီမန်၏ စစ်ဆေးခြင်းကို ရင်ဆိုင်ရလိမ့်မည်။ ပါလီမန်အတည်ပြုပါက ၎င်းသည် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်သည်။ တောင်ကိုရီးယားအစိုးရသစ်အနေဖြင့် ယခုလကုန်ပိုင်းတွင် အစိုးရလုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ရမည်ဖြစ်သည်။

ဆီးရီးယားသမ္မတဆင်းပေးရန် တောင်းဆိုမှု အီရန်နိုင်ငံက လက်မခံဟုဆို

ကြားဖြတ်အစိုးရဖွဲ့စည်းရန်အတွက် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ် ရာထူးမှဆင်းပေးရန် တောင်းဆိုမှုအပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီးမှ ပြောရေးဆိုခွင့်ရှိသူ ရာမိန်းမက်မန်ပါရက်က ငြင်းဆိုလိုက်သည်။ ဆီးရီးယားအကျပ်အတည်းဖြေရှင်းရာတွင် သမ္မတအာဆတ်ရာထူးမှ ဆင်းပေးရန် တောင်းဆိုမှုကို အီရန်နိုင်ငံအနေဖြင့် လက်မခံနိုင်ကြောင်း၊ ဆီးရီးယားနိုင်ငံ၏ လာမည့်ရွေးကောက်ပွဲတွင် ၎င်းအနေဖြင့် ပါဝင်နိုင်လိမ့်မည်မဟုတ်ကြောင်း မက်ဟတ်မြို့ အရှေ့မြောက်ပိုင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံသည် ပြည်ပကျောထောက်နောက်ခံမပြုဘဲ ရွေးကောက်ပွဲများကျင်းပနိုင်လျှင် နိုင်ငံတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အီရန်နိုင်ငံက မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ ကျောထောက်နောက်ခံပေးမည် မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

ရေနံဈေးနှုန်း စံချိန်တင်မြင့်တက်

အမေရိကန်က အီရန်အား အရေးယူပိတ်ဆို့မှုအသစ် ပြုလုပ်ရန် ထုတ်ပြန်ကြေညာလိုက်ပြီး တစ်ရက်အကြာ ရေနံစိမ်းဈေးနှုန်းသည် ငါးလအတွင်း အမြင့်ဆုံးမြင့်တက်လာခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖေဖော်ဝါရီ ၈ ရက်က ဖော်ပြသည်။

လန်ဒန်ဈေးကွက်တွင် ရေနံစိမ်းတစ်တန် အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၈၃ အထိ မြင့်တက်ခဲ့ကြောင်း၊ ယင်းမှာ စက်တင်ဘာလနောက်ပိုင်း အမြင့်ဆုံးမြင့်တက်လာသည့် ရေနံဈေးဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက်က သတင်းဖော်ပြသည်။ ယင်းရေနံဈေးနှုန်းမြင့်တက်မှုသည် အမေရိကန်က အီရန်ရေနံအပေါ် အရေးယူပိတ်ဆို့မှုတစ်ရပ် ပြုလုပ်ခဲ့ပြီး တစ်ရက်အကြာ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ယင်းအရေးယူပိတ်ဆို့မှုအသစ်သည် အီရန်အား ရေနံရောင်းချရာမှ ဝင်ငွေရရှိမှုနည်းစေရန် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

မြင့်မောင်စိုး-ရေးသည်

ဂျပ်စတင်ဘီဘာ၏တေးအယ်လ်ဘမ် နံပါတ်တစ်အရောင်းရဆုံးစံချိန်တင်

ကမ္ဘာကျော်ပေါ့အဆိုတော်လေး ဂျပ်စတင်ဘီဘာသည် အမေရိကန် အရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်းတွင် အသက်ငယ်ဆုံးဖြစ်လာသည်။**(အပေါ်ပုံ)**

အသက် ၁၈နှစ်ရှိ ဂျပ်စတင်ဘီဘာ၏ နောက်ဆုံးထွက်ရှိလာသည့် Believe Acoustic တေးအယ်လ်ဘမ် သည်အရောင်းရဆုံး Billboard စာရင်းတွင် ယခုသီတင်းပတ်အတွင်း ထိပ်ဆုံးသို့ ရောက်ရှိခဲ့သည်။ ၎င်းတေးအယ်လ်ဘမ်သည် ပထမသီတင်းပတ်အတွင်းမှာပင် တေးအယ်လ်ဘမ်စီဒီအချပ်ပေါင်း ၂၁၀၀၀ အထိ ရောင်းချခဲ့ရသည်ဟုဆိုသည်။

အမေရိကန်အရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်းတွင် နံပါတ်တစ် တေးအယ်လ်ဘမ် အရောင်းရဆုံးအဆိုတော် ကိုးဦးသာရှိခဲ့ရာ ဂျပ်စတင်ဘီဘာသည် လေးနှစ်ဆက်တိုက် နံပါတ်တစ်အရောင်းရဆုံးတေး အယ်လ်ဘမ်ရ အဆိုတော်တစ်ဦးဖြစ်ခဲ့သည်။ ထို့ကဲ့သို့ လေးနှစ်ဆက်တိုက် နံပါတ်တစ် နေရာချိတ်နိုင်သော အဆိုတော်မှာဂျပ်စတင်ဘီဘာတစ်ဦးသာရှိသည်။

ကနေဒါအဆိုတော်လေး ဂျပ်စတင်ဘီဘာသည် မတ်လတွင် အသက် ၁၉ နှစ် ပြည့်တော့မည်ဖြစ်သည်။ ၎င်း၏ တေးအယ်လ်ဘမ်သစ်ကို နိုင်ငံပေါင်း ၆၃ နိုင်ငံမှ iTunesမှ တစ်ဆင့် ကြည့်ရှုလျက်ရှိသည်။

ဂျပ်စတင်ဘီဘာသည် ၂၀၀၉ ခုနှစ် နိုဝင်ဘာလက **My World** (ဘီဘီစီ)ဟု အမည်ရသည့် တေးအယ်လ်ဘမ်ထွက်ရှိလာခဲ့ပြီးနောက် အောင်မြင်ကျော်ကြား လူကြိုက်များသော အဆိုတော်တစ်ဦးဖြစ်လာခဲ့သည်။ အထူးသဖြင့် ဂျပ်စတင်ဘီဘာသည် မိန်းကလေးပရိသတ်များအကြား ရေပန်းအစားဆုံး အဆိုတော်ဖြစ်လာခဲ့သည်။ **(ဘီဘီစီ)**

အာကာကျော်-ရေးသားသည်

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်အတွက် ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ကိစ္စရပ်များကြောင့် ဒေသတွင်းပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ အိုးအိမ်များ ဆုံးရှုံးမှုများကြောင့် ကျန်းမာရေးပြဿနာများ ရှိခဲ့ကြောင်း၊ ရခိုင်ပြည်နယ်ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန်လည်း လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးလိုအပ်ချက်များကိုဖော်ထုတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခု အစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လွန်ခဲ့သည့် ဇန်နဝါရီ ၁၄ရက်တွင် ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ကျန်းမာရေးဦးစားပေး လုပ်ငန်းများအဖြစ် ကာကွယ်ဆေးထိုးလုပ်ငန်း၊ မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်း၊ ရေကောင်း ရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သဘောတူညှိနှိုင်းခဲ့ကြကြောင်း။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အခြေအနေသည် အခြားသဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သောဒေသများနှင့် သဘောသဘာဝ မတူသဖြင့် လုပ်ဆောင်မည့် လုပ်ငန်းများ ထိရောက်အောင်မြင်စေရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု နည်းလမ်းများသည် ဒေသအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် လိုအပ်ကြောင်း၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ တွေ့ကြုံနေရသော အခက်အခဲများအား ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်း ရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်သည့် ရခိုင်ပြည်နယ်အတွက် ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြည်သူ့ကျန်းမာရေးအကြံပေးပုဂ္ဂိုလ် Dr.Salma Burton နှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ အုပ်စုများဖွဲ့၍ ခြောက်လအတွင်း အနီးကပ်ဆောင်ရွက်ရန်လုပ်ငန်းများ၊ ရေတိုစီမံကိန်းကို သုံးလမှတစ်နှစ်အတွင်း ဆောင်ရွက်ရန်နှင့် ရေရှည်စီမံကိန်းကို သုံးနှစ်မှ ငါးနှစ်အထိ ဆောင်ရွက်ရန် ရေးဆွဲချမှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၁၀၈) နှစ်ပြည့် (၄၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၉ ရက်အထိ မဟာပဌာန်းပူဇော်ပွဲ၊ ၂၀ ရက်မှ ၂၂ ရက်အထိ တရားပွဲနှင့် ထမနဲထိုးပွဲ၊ ၂၄ ရက်အရုဏ်တွင် ဆွမ်းတော်ကြီးတင်ပွဲနှင့် ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲ၊ မွန်းလွဲ ၂ နာရီခွဲတွင် သံဃာအပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညနေပိုင်းတွင် နိဗ္ဗာန်ဈေးပွဲတော်များဖြင့် စီစဉ်ကျင်းပသွားမည်ဖြစ်သည်။ **(ကိုကြီးတင်)**

ဧရာဝတီတံတား(မလွန်)ရာနှုန်းပြည့် ပြီးတော့မည် ဆောက်လုပ်ရေးလုပ်ငန်းအထူးအဖွဲ့(၄)က တည်ဆောက်နေ

ကျွန်တော်သည် လွန်ခဲ့သောနှစ်က ဧရာဝတီမြစ်ကြီးပေါ်မှ တစ်စင်းပြီးတစ်စင်းဖွင့်လှစ်ခဲ့သော မြစ်ကူးတံတားကြီးများဖြစ်ကြသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ညောင်တုန်းတံတားဖွင့်ပွဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးကို ဆက်သွယ်နိုင်ရန် ပုဂံ ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်နှင့် ပခုက္ကူမြို့ကို ဧရာဝတီမြစ်ကြီးပေါ်မှ ဖြတ်သန်းတည်ဆောက်ခဲ့သော မြန်မာနိုင်ငံမှ အရှည်ဆုံးတံတားကြီး ဧရာဝတီတံတား(ပခုက္ကူ)ဖွင့်ပွဲနှင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းကန်းကျေးရွာမှာ ပြုလုပ်သည့် ဧရာဝတီတံတား(စင်းခန်း) ဖွင့်ပွဲသို့ရောက်ခဲ့ဖူးပြီး ယခုလည်း မကြာမီ တည်ဆောက်ပြီးစီးတော့မည်ဟု သိရသော ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းသို့ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က ရောက်ရှိသွားခဲ့သည်။

ဧရာဝတီတံတား (မလွန်)သည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်ကျေးရွာအနီး မိချောင်းရဲ ပဌနဂိုရ် ကားလမ်း မိုင်တိုင်အမှတ် (၁၁/၄) နှင့် (၁၁/၅)ကြား ဧရာဝတီမြစ်၏ စတုတ္ထမြစ်ကျဉ်းနေရာ၌ တည်ဆောက်နေသော ကားလမ်းနှင့်ရထားလမ်းတို့ယှဉ်တွဲပါရှိသော တံတားကြီးတစ်စင်းဖြစ်သည်။ ပင်မတံတားအရှည်မှာ ၃၂၁၅ ပေ ရှည်လျားပြီး ကားလမ်းနှစ်လမ်းနှင့် ရထားလမ်းတစ်လမ်းတို့ပါဝင်သော တံတားကြီးဖြစ်သည်။ ချဉ်းကပ် ကားလမ်းမှာ တံတားနှစ်ဖက်၌ ၂၆၂၄ ပေရှိပြီး ချဉ်းကပ်ရထားလမ်းမှာ တံတားနှစ်ဖက်၌ ၃၉၃၉ ပေရှိသည်။

တံတားအမျိုးအစားမှာ တံတားအောက်ထည် သံကူကွန်ကရစ်နှင့် တံတားအပေါ်ထည် ပင်မတံတားသံမဏိသံပေါင်ဖြစ်သည်။ တံတားရေလမ်းကင်းလွတ်အကျယ်မှာ ပေ ၃၂၀၊ ရေလမ်းကင်းလွတ်အမြင့် ၇၅ ပေနှင့် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ- ခရမ်းစိုးမြင့်

အဆိုပါတံတားကြီးကို (၂၆-၂-၂၀၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပြီးစီးတော့မည်ဟု သိရသည်။

၎င်းတံတားကြီးကို ဧရာဝတီမြစ်၏ ပေ ၂၉၀၀ အကျယ်ရှိသော စတုတ္ထမြစ်ကျဉ်းနေရာမှာ တည်ဆောက်ထားခြင်းကြောင့် ရေကြောင်းကောင်းပြီး သင်္ဘောများ အန္တရာယ်ကင်းစွာ ခုတ်မောင်း သွားလာနိုင်မည်ဖြစ်သလို မိချောင်းရဲဘက်ကမ်း ချဉ်းကပ်ကားလမ်းမှ သစ်ရာကောက် ပဌနဂိုရ်ကားလမ်းနှင့် မိုင်တိုင်အမှတ်(၁၁/၃)တွင် တွေ့ဆုံပြီး ပြည်-အောင်လံ-မကွေး ကားလမ်းနှင့်မိုင်တိုင်အမှတ် (၃၀၁/၁)တွင် သွားရောက်တွေ့ဆုံမှာ ဖြစ်သည်။

သွားလာနိုင်

ထို့အပြင် မလွန်ဘက်ကမ်း ချဉ်းကပ်ကားလမ်းမှာလည်း မလွန်မြို့နှင့် ငါးမိုင်ခန့်သာ ကွာဝေးတော့သဖြင့် ထိုမှတစ်ဆင့် ပုသိမ်-မုံရွာကားလမ်းနှင့် ဆက်သွယ်၍ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ရန်ကုန်-ပြည်-မကွေး-မန္တလေးကားလမ်းတို့နှင့် အလွယ်တကူ ချိတ်ဆက်သွားလာနိုင်ကြမည်ဖြစ်ကြောင်းသိရသလို ရေစီးသန်သောနေရာတွင် တံတားကို တည်ဆောက်ထားခြင်းဖြစ်၍ သင်္ဘောများသွားလာမှု မြန်ဆန်စေမည်ဖြစ်ပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ ရေနက်ဆိပ်ကမ်းများမှတစ်ဆင့် ကုန်သွယ်ပို့ဆောင်ရေးလမ်းကြောင်းပေါ်မှ တံတားကြီးတစ်စင်းလည်းဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ ဘက်စုံပြန်လည်ထူထောင်ခြင်းစီမံကိန်း အပြီးသတ်ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ဒီရေတောများသည် ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝသယံဇာတများဖြစ်သည့်အတွက် ရေရှည်တည်တံ့သည့်နည်းဖြင့် ထုတ်ယူသုံးစွဲကြမည်ဆိုလျှင် ဒေသ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝ ဘေးအန္တရာယ်ကာကွယ်မှုတို့အတွက် အရေးပါသည့် သယံဇာတများဖြစ်ကြောင်း၊ ဒီရေတောဂေဟစနစ် ရေရှည်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထု၊ ဌာနဆိုင်ရာများ အပါအဝင် အကျိုးဆက်စပ် ပတ်သက်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည်ဆိုသည့် နမူနာတစ်ရပ်ကို ၎င်းစီမံကိန်းမှ ချပြနိုင်ခဲ့ကြောင်းဖြင့် ဖေဖော်ဝါရီ ၇ရက် နံနက် ၉ နာရီတွင် နေပြည်တော် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ ဘက်စုံပြန်လည် ထူထောင်ခြင်းနှင့် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်း၏ စီမံကိန်း အပြီးသတ်ဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဒီရေတောလုပ်ငန်းများ သီးသန့် ဆောင်ရွက်နိုင်ရန်အတွက် ဒီရေတောဌာနခွဲတစ်ခု တည်ထောင်ရန်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် ဒီရေတောများမှ ထုတ်ကုန်ပစ္စည်းနှင့် ဂေဟဝန်ဆောင်မှုစနစ်များကို ဒေသခံပြည်သူများအားလုံး ရယူခံစားနိုင်ရန် ဒီရေတောမူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံကိုယ်စားလှယ် Mr. Kyosuke INADA က အမှာစကား ပြောကြားသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ ဘက်စုံပြန်လည်ထူထောင်ခြင်းနှင့် စီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းသည် နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ဆောင်ရွက်သည့် စီမံကိန်းအမျိုးအစားဖြစ်သည်။ ၂၀၀၇ ခုနှစ် ဧပြီလမှ စတင်၍ ၂၀၁၃ ခုနှစ် မတ်လအထိ ဆောင်ရွက်ခဲ့သည်။ စီမံကိန်းမှ အဓိကဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှာ သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ ဒီရေတောသုတေသနစိုက်ခင်း တည်ထောင်ခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း၊ ဒီရေတောကြိုးဝိုင်းကြီး လေးခုတွင် ပျိုးဥယျာဉ်နှင့် တိုးချဲ့ပညာပေးစခန်း တည်ထောင်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ကနုကမာစမ်းသပ်မွေးမြူခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ပူးပေါင်း၍ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဧရိယာ တိုင်းတာသတ်မှတ်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်အတွင်း ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးခဲ့ကြ

ယခု ဆွေးနွေးပွဲတွင် စီမံကိန်းတစ်ခုလုံး၏ မူဘောင်နှင့်ရလဒ်များ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သုတေသနစိုက်ခင်းတည်ထောင်ခြင်း၊ အကျိုးဆက်စပ်ပတ်သက်သူများအတွင်း ညှိနှိုင်းပေါင်းစပ်ခြင်း လုပ်ငန်းများ၊ မြေအသုံးချမှုဆိုင်ရာလုပ်ငန်းများ၊ နာဂစ်မုန်တိုင်းပြီးနောက် ဘေးအန္တရာယ်ပြမြေပုံပြုစုခြင်းနှင့် ပြန်လည်ထူထောင်မှုအကဲဖြတ်ခြင်း၊ အစုအဖွဲ့ပိုင်သစ်တောနှင့် အသက်မွေးဝမ်းကျောင်းတိုးတက်ခြင်းဆက်စပ်မှု၊ ဒီရေတောနှင့်ကမ်းရိုးတန်း စီမံအုပ်ချုပ်ခြင်း၊ ဒီရေရောက်ဒေသများတွင် သစ်တောကြိုးဝိုင်းများအတွင်း မြေအသုံးချမှုမူဝါဒနှင့် စီမံချက်များ စသည့်ကိစ္စရပ်များကို စာတမ်းများဖတ်ကြား၍ ဂျပန်နှင့် မြန်မာပညာရှင်များက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr.Jacques VALADE ဦးဆောင်သည့် ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံမှူးကြီးများအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများဖြစ်ကြသော ဦးလှမြင့်ဦးနှင့် ဦးသူရိန်ဇော်၊ ကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြသိန်း၊ ဦးခင်မောင်စိုး၊ ဦးခင်စိုးတို့နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ နီးကပ်စွာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြင်သစ်နိုင်ငံသံအမတ်ကြီး H. E. Mr.Jacques VALADE အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

◆ *ပြည်ထောင်စုလွှတ်တော်မှ*

ဦးဝင်းရှိန်က ရှင်းလင်းတင်ပြသည်။

ထိုသို့တင်ပြရာတွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက မြန်မာနိုင်ငံအတွက် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ ချေးငွေများ ထုတ်ချေးမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုမည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများအတွက် ဂျပန်ယန်း(၁၇)ဘီလီယံ၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပထမအဆင့်အတွက် ဂျပန်ယန်း (၂၀)ဘီလီယံ၊ ရန်ကုန်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်တည်ဆောက်ခြင်း၊ ကြံခင်းဘီလပ်မြေစက်ရုံ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းစီမံကိန်းအတွက် ဂျပန်ယန်း(၂၉)ဘီလီယံ စုစုပေါင်း ဂျပန်ယန်း(၆၆)ဘီလီယံ အမေရိကန်ဒေါ်လာအနေဖြင့် (၇၀၄ ဒသမ ၂၈) သန်းခန့် ဖြစ်ပါကြောင်း၊ အဆိုပါ JICA ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ စည်းကမ်းသတ်မှတ်ချက်များမှာ ဆိုင်းငံ့ကာလ(၁၀)နှစ်၊ ပြန်ဆပ်ကာလနှစ်(၃၀) စုစုပေါင်းနှစ်(၄၀) ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် (၀ ဒသမ ၀၁) ရာခိုင်နှုန်းဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခုတို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် လမ်းတံတားတည်ဆောက်ရေး စီမံကိန်းများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ စီမံကိန်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေပေးဝေရေးဆိုင်ရာ စီမံကိန်းများကို ချေးငွေ ဂျပန်ယန်း(၁၇)ဘီလီယံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်သော အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ပထမအဆင့်လုပ်ငန်းများဖြစ်သည့် လမ်းများဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေးဆောင်ရွက်ခြင်း၊ ရေဆိုးထုတ်စနစ်များ တည်ဆောက်ခြင်းနှင့် ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ချေးငွေဂျပန်ယန်း(၂၀)ဘီလီယံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ရန်ကုန်မြို့ရှိ သာကေတ ဓာတ်အားပေးစက်ရုံနှင့်ရွာမဓာတ်အားပေးစက်ရုံများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်း၊ အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ ဓာတ်အားခွဲစက်ရုံများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်း၊ (၆၆)ကေဗွီအေ လှော်ကား-ရွာမ ဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ ကြံခင်းဘီလပ်မြေစက်ရုံ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းစီမံကိန်းများကို ချေးငွေဂျပန်ယန်း(၂၉)ဘီလီယံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးဝင်းမောင်က ရှင်းလင်းတင်ပြပြီး လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် ဂျပန်နိုင်ငံမှတရားဝင်ဖွံ့ဖြိုးမှု အကူအညီ ချေးငွေရယူရေးကိစ္စသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်က သဘောတူညီသင့်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။ ချေးငွေရယူရေးကိစ္စနှင့် ပတ်သက်၍ သာကေတမဲဆန္ဒနယ်မှ **ဦးမောင်မောင်စိုး**က "ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ငွေနဲ့ အချို့လုပ်ငန်းတွေ လုပ်လို့ မရပါဘူး။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ငွေလိုတယ်။ ဂျပန်နိုင်ငံ အကူအညီနဲ့ ချေးငွေယူပြီး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ဆိုတာ အလွန်ပဲသင့်လျော်ပါတယ်။ ဆင်းရဲမှုပပျောက်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ သီလဝါအထူးစီးပွားရေးဇုန်ကြီးတွေဖြစ်ပေါ်လာရေးအတွက် ငွေအမြောက်အမြားလိုတယ်။ နိုင်ငံခြားချေးငွေယူပြီးတော့ ကျွန်တော်တို့ စီးပွားရေးလုပ်ရမယ်။ အမှန်တကယ်ချေးသင့်တဲ့လုပ်ငန်းတစ်ခုလို့ မြင်ပါတယ်။ ဒါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်လို့ရမှာပါ။ ဒီလိုပဲ ချေးငွေတွေ ယူပြီးတော့ တခြားလုပ်ငန်းတွေကိုလည်း အကူအညီယူ ဆောင်ရွက်မှ ဖွံ့ဖြိုးတိုးတက်နိုင်မှာပါ။ ဒါဟာ ကောင်းတဲ့လုပ်ငန်းတစ်ခုလို့ မြင်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အလားတူ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ရှင်းလင်းတင်ပြခဲ့သည်။

အစည်းအဝေးတွင် အင်တာနက်တွင်ဖော်ပြပါရှိသော ဒေါက်တာဆိတ်ဖွား၏ Above the Law ခေါင်းစဉ်ပါဝေဖန်ချက်နှင့် စပ်လျဉ်းသည့် စုံစမ်းရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ ဖေဖော်ဝါရီ (၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ကြောင်း အသိပေးဆောင်ရွက်ခဲ့သည်။

ယင်းကိစ္စအပေါ် "ပြည်ထောင်စုလွှတ်တော်အဆင့်အနေနဲ့ စုံစမ်းရေးကော်မရှင် ဖွဲ့မယ်ဆိုရင်တော့ ဒေါက်တာဆိတ်ဖွားကို မြှောက်ပေးလိုက်သလိုဖြစ်နေမယ်။ နည်းပညာတစ်ရပ်အနေနဲ့ ဒါမှမဟုတ် နည်းပညာရှင်တစ်ယောက်အမြင်မျိုး ပြောရမယ်ဆိုရင် အဲဒီလောက်အထိ လုပ်ဖို့မလိုပါဘူး။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ပြောရရင် လုပ်ရမယ့်အလုပ်တွေ အများကြီးပါ။ လက်ရှိလည်း အလုပ်တွေ တော်တော်ရှုပ်နေတယ်။ ဘယ်သူ့အတွက်လည်းဆိုရင် ပြည်သူ့အတွက်ပေ့ါ။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ တိုင်းပြုပြည်ပြုအမျိုးသားနိုင်ငံရေးသမားတွေပေ့ါ။

အမျိုးသားနိုင်ငံရေးသမားတွေဟာ နိုင်ငံရေးသမားဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ဒီအလုပ်ကို လုပ်ပြီဆိုကတည်းက ခံနိုင်ရည်ရှိရမယ်။ လက်ခုံနဲ့လက်ဝါး၊ ဝါးလုံးနဲ့ဝါးခြမ်းဆိုတာက တော့ရှိနေမှာပဲ။ နိုင်ငံရေးသမားမဖြစ်ခင်ကတည်းက မသိလို့ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပြီး နိုင်ငံရေးသမားဖြစ်လာမှ သိလို့ဖြစ်စေ ဒီသဘောတရားကို လက်ခံရမှာပဲ။ ဘာကြောင့်လဲဆိုတော့ တုံ့ပြန်မှုဆိုတာ ရှိကောင်းရှိနေမှာဖြစ်လို့ပါပဲ။ သို့သော် ဆတ်ဆတ်ထိမခံ တုံ့ပြန်တဲ့လမ်းကြောင်းကို လိုက်မလား၊ အေးအေးဆေးဆေးနဲ့ အကျိုးအကြောင်းနဲ့ တုံ့ပြန်မှုမျိုးကို လိုက်မလား၊ ဒါမှမဟုတ် မတုံ့ပြန်ဘဲနဲ့ အချိန်ဆိုတဲ့တရားသူကြီးရဲ့ အဆုံးအဖြတ်ကို လက်ခံယူတဲ့ လမ်းကြောင်းမျိုးလိုက်မလားဆိုတာကို စဉ်းစားသင့်တာပေ့ါ" ဟု သာပေါင်းမဲဆန္ဒနယ်မှ **ဦးဝင်းသန်း**က သုံးသပ်ပြောပြခဲ့သည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ **ဦးသိန်းညွန့်**ကလည်း " ပြည်သူ့ကိုယ်စားပြုတဲ့လွှတ်တော်ကို အခုလို ဝေဖန်လာတဲ့အခါမှာ ရင့်ရင့်သီးသီး ပုတ်ခတ်တာကတော့ မလုပ်သင့်ဘူးပေ့ါ။ ဒါကြောင့်မို့ ဒေါက်တာစိုးရင်ရဲ့အရေးကြီးအဆို တင်သွင်းတဲ့အပေါ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းတာ အင်မတန်မှ မှန်ကန်ပါတယ်။ ပေါ်ပေါက်လာတဲ့ အခြေအနေအားလုံးကို လေ့လာပြီး နောက်ဒီလိုမဖြစ်ဖို့၊ ဒီလိုဖြစ်ရပ်မျိုး ထပ်မံမပေါ်ပေါက်ဖို့ဆိုတဲ့အခြေခံနဲ့ ဆောင်ရွက်နိုင်ရင်တော့ အားလုံးကောင်းမွန်တဲ့ရလဒ်တစ်ခု ထွက်လာမှာပါ။ လွှတ်တော်ကိုလည်း ကာကွယ်ပြီးသားဖြစ်သွားမယ်။ ဝေဖန်သူကိုလည်း ပညာပေးပြီးသား ဖြစ်သွားမှာပေ့ါ။

ဒေါက်တာဆိတ်ဖွားကိစ္စပေါ်မှာ မူတည်ပြီး လွှတ်တော်နဲ့ပတ်သက်ရင် စာနယ်ဇင်းတွေဘက်က သင်ခန်းစာ မှန်မှန်ကန်ကန် ယူဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းမှာ အားနည်းချက်တွေရှိပါတယ်။ ဒါတွေကို ဝေဖန်ထောက်ပြဖို့ဆိုတာ လုပ်ကိုလုပ်ရမယ့်အလုပ်ပါ။ သို့သော် လွှတ်တော်တစ်ခုလုံးအပေါ်မှာ ဝေဖန်သုံးသပ်တဲ့ အပေါ်မှာတော့ **အနိမ့်ဆုံး** ယဉ်ကျေးတဲ့ အသုံးအနှုန်းတွေနဲ့ ဝေဖန်နိုင်ဖို့လိုပါတယ်။ အပြုသဘောအမြင်နဲ့ ဝေဖန်နိုင်ဖို့လိုတယ်။

ရှေ့လာမယ့် မြန်မာ့နိုင်ငံရေးမှာ လွှတ်တော်ခိုင်မာဖို့ အရေးကြီးပါတယ်။ လွှတ်တော်မခိုင်မာရင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးဟာ နှေးကွေးမှာပဲ။ အဲဒါကို မီဒီယာတွေသဘောပေါက်ရင် လွှတ်တော်ကိုယ်စားလှယ်နဲ့ လွှတ်တော်ဆိုတဲ့ အခန်းကဏ္ဍနှစ်ခုကို ခွဲခြားနိုင်ဖို့လိုပါတယ်။ အမှားတွေ၊ ချို့ယွင်းချက်တွေကို ဝေဖန်ဖို့ဆိုတာ ဒီမိုကရေစီစနစ်မှာ လိုအပ်ပါတယ်။ မတူကွဲပြားတဲ့ အမြင်တွေကိုလည်း ပြောရမှာပဲ။ ပြောတဲ့နေရာမှာ ယဉ်ကျေးပြီးတော့ အပြုသဘောဆောင်တဲ့၊ ဓမ္မဓိဋ္ဌာန်ကျတဲ့ အသုံးအနှုန်းတွေနဲ့ မီဒီယာတွေက ဝေဖန်မယ်ဆိုရင် အားလုံးအတွက်၊ တိုင်းပြည်အတွက်၊ ကိုယ့်ပြည်သူအတွက် လွှတ်တော်နိုင်ငံရေးကို အကောင်းဆုံးဖန်တီးနိုင်မှာပါ"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အဆိုပါကော်မရှင်ကို ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း အပါအဝင် အဖွဲ့ဝင်(၁၇)ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၈)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးအဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ လမ်း/တံတားနှင့် မြို့ပြအိမ်ရာဖွံ့ဖြိုးတိုးတက်မှုဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်အား အင်ဒိုနီးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဒုတိယဝန်ကြီး Dr. Rizal Affandi Lukman ဦးဆောင်သော အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ် ကြီး H. E. Mr. Sebastianus Sumarsono တို့သည် ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ လမ်း/တံတားနှင့် မြို့ပြအိမ်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့် လမ်းကွန်ရက်များ၊ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေအနေတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပ

တန့်ဆည် ဖေဖော်ဝါရီ ၈

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် တန့်ဆည်မြို့နယ် ချောင်းဆုံ(မ)ကျေးရွာအလယ်တန်းကျောင်း(ခွဲ)၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်ပညာရေးမှူးဦးသန်းလှနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကြည်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးတင်ဝင်းက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီးဝန်ကြီး ဦးတင်ဝင်းက ကျောင်းအတွက် ဗလာစာအုပ်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်က ငွေကျပ်သုံးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

အလားတူ ရွာရှည်(မ)အုပ်စု သာဂရ/ လကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ကိုလည်း ဖေဖော်ဝါရီ ၂ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(ညိုထွန်း)

နည်းပညာတက္ကသိုလ်(ကလေး)ဘွဲ့နှင်းသဘင် ကျင်းပမည်

ကလေး ဖေဖော်ဝါရီ ၈

နည်းပညာတက္ကသိုလ်(ကလေး) ကလေးမြို့၏ တတိယအကြိမ်မြောက် မဟာအင်ဂျင်နီယာဘွဲ့၊ အင်ဂျင်နီယာနည်းပညာဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် နည်းပညာတက္ကသိုလ်(ကလေး)ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သိန်းစိုး(ကလေး)

ပြည်တွင်းသတင်း

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီတို့ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီတို့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၈

လယ်ယာမြေဥပဒေ၊နည်းဥပဒေများနှင့် ညီညွတ်စွာ အတည်ပြုဆဲ လက်ရှိကိန်းဂဏန်းများအရ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားပေါင်း ၆ ဒသမ ၀၄ သန်းနှင့် ဦးပိုင်လုပ်ကွက်ပေါင်း ၁၀ဒသမ ၇၃ သန်းအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် စီမံချက်ရေးဆွဲ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိ၏ ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံနှင့်အဝန်း အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခိုင်မာစွာဖြင့် လယ်ယာမြေအသုံးချခြင်းဆိုင်ရာလုပ်ငန်းများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးချခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မြေပြင် (On Ground) လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် လွယ်ကူလျင်မြန်ချောမွေ့မှု ရှိစေရေးနှင့် ဥပဒေနှင့် ကိုက်ညီမှန်ကန်ရေးအတွက် လိုအပ်သည့် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက် ပွင့်လင်းစွာဖြင့် အကြံပြုညှိနှိုင်းဆွေးနွေးပေးကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီတို့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး (လယ်ယာ) ဦးအုန်းသန်းနှင့် ဗဟိုကော်မတီ အတွင်းရေးမှူး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဗဟိုကော်မတီဝင်များက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေအား ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပြင်ဆင်အတည်ပြုမှု၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီတို့မှ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပြီးစီးမှု၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပြီးစီးမှုတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)
၉-၂-၂၀၁၃ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၃၀ နံနက်ခင်းသတင်း
၇း၄၀ International News
၈း၂၅ ကဗျာပန်းဥယျာဉ် (ပင်လုံသက်သေ)
၈း၃၅ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၂၀ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၃း၅၅ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၄း၀၅ **ဆက်သွယ်၊ ဆက်ဆံလုပ်အားပေး လူငယ်အရာရှိ (Liaison Officer) များရဲ့ တစ်နေ့တာ**

ညပိုင်း

၄း၀၅ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၁၅ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀ လှပစုံလင် အာဆီယံတစ်ခွင်
၆း၀၀ ညနေခင်းသတင်း
၇း၀၀ ပြည်တွင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- **ရာမညသို့ခရီးတစ်ခေါက်**

၁၀း၀၀ ပြည်တွင်းသတင်း
- ဂီတတံခါးလေးဖွင့်ပါဦး

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

ဇေကဗ္ဗာမြန်မာအိုးပင်း ၂၀၁၃ ပွဲစဉ်ကို တောက်ပစေမည့် Asian Tour ချန်ပီယံများ

ရန်ကုန် ဖေဖော်ဝါရီ ၈

ယခုလကုန်ပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပမည့် Zaykabar Myanmar Open 2013 Present By Apline ပွဲစဉ်တွင် နာမည်ကျော်များဖြစ်သော ဂျပန်နိုင်ငံမှ Tetsuji Hiratsuka နှင့် ယမန်နှစ်က အနိုင်ရရှိသူ Kieran Pratt တို့ ဦးဆောင်သည့် နိုင်ငံပေါင်း ၂၅ နိုင်ငံခန့်မှ Asian Tour ချန်ပီယံများ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

Asian Tour ပွဲစဉ်များတွင် သုံးကြိမ်အနိုင်ရဗိုလ်စွဲပြီး ၂၀၁၀ ပြည့်နှစ်က Myanmar Open တွင် အနိုင်ရရှိခဲ့သော Hiratsuka သည် ယခု Open တွင် တစ်ဖန်ပြန်လည်၍ အနိုင်ရရှိမည်ဟု ယုံကြည်လျက်ရှိသည်။ ၄င်းသည် ထိုင်းနိုင်ငံမှ Order of Merit Winner Thaworn Wirat Chand နှင့် ဆွီဒင်မှRikard Kariberg စသည့် ထိပ်တန်းဂေါက်သီးသမားများနှင့် ယှဉ်ပြိုင်မည် ဖြစ်သည်။

စင်ကာပူမှ Mardan Mamad၊ ထိုင်းနိုင်ငံမှ Arnond Vongvanij နှင့် အိန္ဒိယနိုင်ငံမှ Himmat Rai တို့လည်း ယခု Zaykabar Myanmar Open 2013 တွင် ပါဝင်ကြမည်ဖြစ်သည်။

Hiratsuka နှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည့် တစ်နိုင်ငံတည်းသားဖြစ်သူ Masanori Kobayashi သည် ယမန်နှစ်က ကျင်းပခဲ့သည့် Asia Pacific Panasonic Open တွင် အနိုင်ရရှိကာ ၂၀၁၂ ခုနှစ် Rookie of the Year ဖြစ်ပြီး နောက်တစ်ဦးမှာ ဂျပန်နိုင်ငံတွင် (၁၀)ကြိမ် ချန်ပီယံဖြစ်ခဲ့သူ Yuta Ikeda ဖြစ်သည်။

Hiratsuka သည် ၂၀၁၀ ပြည့်နှစ် Myanmar Open တွင် အနိုင်ရရှိပြီးနောက် Asian Tour ပွဲစဉ်သုံးပွဲတွင် ဆက်လက်အနိုင်ရရှိခဲ့ကာ ၂၀၁၁ ခုနှစ် Asian Tour Order of Merit တွင် ဒုတိယအဆင့်ရရှိခဲ့သူဖြစ်သည်။

လွန်ခဲ့သောနှစ်က Hiratsuka သည် ခြောက်ကြိမ်မျှ Cut ထိခဲ့ပြီး ထိပ်တန်း ၁၀ အဆင့်တွင် တစ်ခါမျှ မဝင်ခဲ့ပေ။ ထို့ကြောင့် ယခု Zaykabar Myanmar Open 2013တွင် အနိုင်ရရှိအောင် ဝီရိယစိုက်ထုတ်မည်ဖြစ်ကြောင်း ၄င်းကဆိုသည်။

၂၀၁၂ ခုနှစ်တွင် Qualifying School မှ တစ်ဆင့်တက်ခဲ့သော Kobayashi သည် အနိုင်ပွဲတစ်ပွဲနှင့် ထိပ်တန်း ၁၀၊ နှစ်ကြိမ်ရရှိခဲ့ရာမှ Order of Merit တွင် စတုတ္ထအဆင့်ရခဲ့သူဖြစ်သည်။

"Hiratsuka နဲ့Maruyama တို့နှစ်ဦးစလုံးဟာ Asian Tour မှာ အောင်မြင်ကြသူတွေ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်လည်း သူတို့ကို အားကျပြီး သူတို့လိုဖြစ်အောင် လုပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူတို့ဟာ နိုင်ငံအတော်များများကို သွားယှဉ်ပြိုင်ကစားတာကို နှစ်သက်ကြတယ်။ အဲဒီအတွေ့အကြုံတွေကြောင့်ပဲ သူတို့ရဲ့ ဂေါက်သီးဟာ သိပ်ပြီးတိုးတက်လာတာကို တွေ့ရပါတယ်" ဟု Kobayashi က ပြောသည်။ သူသည် ဘောစ်ဘောကစားနေရာမှ ဂေါက်တုတ်ကိုင်ဆောင်ခဲ့သော ဆယ်ကျော်သက်လူငယ်တစ်ဦးဖြစ်ပြီး လွန်ခဲ့သောနှစ်က Order of Merit အဆင့် ၄၄ ဖြစ်သည်။ ယခုနှစ်ပွဲစဉ်ရာသီတွင် ထွန်းပေါက်အောင် ကြိုးစားယှဉ်ပြိုင်ကစားမည်ဟု ၄င်းကဆိုသည်။

မောင်ကျော်

❒ ***ရှေ့ဖုံးမှ***

အမှတ် (၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)တို့ လည်ပတ်လျက်ရှိပါတယ်။ စလေစက်ရုံက တစ်နေ့တန် ၁၀၀၊ မြောင်းတကာစက်ရုံနဲ့ ကန်ကြီးထောင့်စက်ရုံက တစ်နေ့တန် ၅၀၀စီ ထုတ်လုပ်နိုင်ပါတယ်။ ဓာတ်မြေသြဇာစက်ရုံတွေအနေနဲ့ ကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှုအခြေအနေနဲ့ တည်ငြိမ်လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် မူတည်ပြီး ထုတ်လုပ်ရတဲ့အတွက် ဈေးကွက်ကို မျှတဖြန့်ဖြူးပေးနေရပါတယ်။

ယခု၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေသြဇာတန်ချိန် ၂၅၈၈၀၂ ဒသမ ၅တန် ထုတ်လုပ်ဖို့လျာထားခဲ့ရာမှာ ၅-၂-၂၀၁၃ ရက်နေ့အထိ ၁၇၁၉၅၅ ဒသမ ၂၅ တန် ထုတ်လုပ်ခဲ့ပြီးဖြစ်ပါတယ်။

ဦးအောင်ကျော်လင်း
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး၊ စွမ်းအင်ဝန်ကြီးဌာန

မေး ॥ ॥ ရောင်းချပေးတဲ့ ဈေးနှုန်းနဲ့ ဖြန့်ဖြူးပေးပုံကို ပြောပြပေးစေချင်ပါတယ်။

စက်ရုံတွေရဲ့ ဓာတ်မြေသြဇာတစ်တန်ရောင်းဈေးဟာ ငွေကျပ် ၂၈၈၀၀၀၊ ၅၀ ကီလိုဂရမ်ဝင် တစ်အိတ်ဈေးနှုန်းက ငွေကျပ်၁၄၄၀၀ ဖြစ်ပါတယ်။ ဒီဈေးနှုန်းဟာ ၂၀၀၉ခုနှစ်နိုဝင်ဘာလကတည်းက ရောင်းချပေးခဲ့တဲ့ဈေးနှုန်းပါ။ လက်ရှိပြင်ပပေါက်ဈေးနဲ့ ယှဉ်ကြည့်ရင် တရုတ်ကဝင်တဲ့ဓာတ်မြေသြဇာကတစ်တန် ငွေကျပ်၃၈၄၀၀၀နဲ့တစ်အိတ်ငွေကျပ်၁၉၂၀၀၊ အင်ဒိုနီးရှားကလာတဲ့ ဓာတ်မြေသြဇာက တစ်တန် ငွေကျပ် ၃၇၂၀၀၀နဲ့ တစ်အိတ်ငွေကျပ် ၁၈၆၀၀ ဖြစ်ပါတယ်။ ဥရောပမှာတော့ သင်္ဘောပေါ်ရောက်တန်ဖိုးက တစ်တန်ကို ၃၇၄ဒသမ ၂ ဒေါ်လာ၊ ငွေကျပ် ၃၁၈၀၇၀ခန့်ကျသင့်မှာ ဖြစ်ပါတယ်။

ဒါကိုကြည့်ရင် ကျွန်တော်တို့ရောင်းချပေးတဲ့ဈေးနှုန်းက အခြားဓာတ်မြေသြဇာတွေထက် သက်သာသောဈေးနှုန်းနဲ့ ရောင်းချပေးထားတယ်ဆိုတာကို သိသာနိုင်ပါတယ်။ ဈေးနှုန်းချိုသာသလို အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်အလေးချိန်လည်း ပြည့်ဝတဲ့အတွက် ဈေးကွက်မှာ ဝယ်လိုအားများပြားနေခြင်းဖြစ်ပါတယ်။

ဖြန့်ဖြူးရောင်းချတဲ့နေရာမှာ ယခင်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များက တစ်ဆင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်လက်အောက်က ဆန်စပါးအထူးပြုကုမ္ပဏီတွေကတစ်ဆင့်လည်းကောင်း၊ တိုက်ရိုက်သော် လည်းကောင်း၊ တင်ပြလျှောက်ထားမှုအပေါ် မူတည်ပြီး လက်ငင်းငွေချေစနစ်၊ ခြောက်လဆိုင်းအကြွေးစနစ်တို့နဲ့ ရောင်းချပေးခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ၁၄၈၀၉၃ ဒသမ ၄၅ တန် ရောင်းချပေးခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်မှာတော့ ၅-၂-၂၀၁၃ ရက်နေ့အထိ ၁၇၄၆၆၉ ဒသမ ၈၅ တန် ရောင်းချပေးပြီးပါပြီ။

မေး ॥ ॥ အခုဓာတ်မြေသြဇာဖြန့်ဖြူးပေးမယ့်စနစ်ကို ပြောင်းလဲကျင့်သုံးသွားမယ်လို့ သိရပါတယ်။ အဲဒီအခြေအနေကို ရှင်းပြပေးပါဦး။

ယခုအခါမှာတော့အမှန်သုံးစွဲမယ့် တောင်သူတွေဆီကို ကြားခံအဆင့်အနည်းဆုံးနဲ့ရောက်ရှိစေနိုင်မယ့် နည်းလမ်းဖြစ်တဲ့ မြို့နယ်တွေကို တိုက်ရိုက်ဖြန့်ဖြူးပေးတဲ့စနစ်ကို ပြောင်းလဲကျင့်သုံးသွားမှာဖြစ်ပါတယ်။

ဒီလိုပြောင်းလဲတဲ့နေရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များကတစ်ဆင့် မြို့နယ်အလိုက် လိုအပ်ချက်ကို ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနသို့ ပေးပို့တောင်းခံရမှာ ဖြစ်ပါတယ်။ ဒီတောင်းခံမှုအရ စက်ရုံတွေရဲ့ ထုတ်လုပ်နိုင်မှုပမာဏကို အခြေခံပြီး ခွဲဝေဖြန့်ဖြူးပေးသွားမှာပါ။ ဖြန့်ဖြူးပေးမယ့်ပမာဏနဲ့ ဘယ်မြို့နယ်က ဘယ်စက်ရုံမှာ ထုတ်ရမယ်ဆိုတဲ့ အကြောင်းကြားစာကို ကျွန်တော်တို့ဝန်ကြီးဌာနကနေ မြို့နယ်တွေကို ပေးပို့ အကြောင်းကြားသွားမှာပါ။ သက်ဆိုင်ရာမြို့နယ်တွေက ကိုယ်စားလှယ်တွေအနေနဲ့ စက်ရုံတွေကို တိုက်ရိုက်သွ...
မြို့နယ်က တောင်သူတွေကို ဖြန့်ဖြူးပေးရမှာ...

မေး ॥ ॥ ဒီလိုဖြန့်ဖြူးမှုစနစ်ပြောင်းလိုက်လို့ ဘ...

အရင်ကတော့ အဆင့်ဆင့်ဖြန့်ဖြူး... ဓာတ်မြေသြဇာတွေ တောင်သူတွေလ... အားနည်းနိုင်သလို ရောက်သွားရင်လည်း ဖြစ်... ကြီးမြင့်သွားနိုင်တာတို့ ဖြစ်သွားတတ်ပါတယ်... တွေလို အရောအနှောအဖြစ်နဲ့ပဲ ရောက်သွား...

အခုလို မြို့နယ်ကတစ်ဆင့် ဖြန့်မယ်... လည်းအတိ အလင်းသတင်းထုတ်ပြန်ပြီးပါပြီ... သက်ဆိုင်တဲ့ မြို့နယ်အလိုက် အမှန်တကယ်... တကူတင်ပြနိုင်သလို ဖြန့်ဖြူးတဲ့အခါမှာလည်... သူတို့နဲ့အနီးစပ်ဆုံးဖြစ်တဲ့ မြို့နယ်အဆင့် ... ရှိသူတွေက အနီးကပ်ဖြေရှင်းပေးနိုင်မှာဖြစ်လို့... အောင်မြင်မယ်လို့ မျှော်လင့်ရပါတယ်။ အခုထိ... ပမာဏတင်ပြလာတာ မရှိသေးပါဘူး။

ဦးဇော်လင်းဦး (လက်ထောက်ညွှန်ကြားရေးမှ... မြန်မာ့ရေနံထွက်ပစ္စည်း...

မေး ॥ ॥ တောင်သူတွေ... တာ ရှိပါသေ...

စက်သုံးဆီကို... တာဝန်ယူဖြန့်ဝေပေး... စိုက်ပျိုးတဲ့နေရာမှာ အ... ပါတယ်။ ၁၀-၆- ၂၀၁... ဆီအရောင်းဆိုင်တွေ... ခဲ့တဲ့နောက်ပိုင်းမှာတေ... ပါဘူး။ အဲဒီပုဂ္ဂလိကအ... စွာဝယ်ယူနိုင်ပြီဖြစ်ပါ...

ဓာတ်မြေသြဇာစက်ရုံတစ်ရုံကို တွေ့ရစဉ်။

▲ ***ကျောဖုံးမှ***

ငွေပို့ငွေလွှဲလုပ်ငန်းများ... ဘတ်တစ်သောင်းနှင့်... အထောက်အထားများ... ချိတ်ဆက်ကာ မြန်မာ...

ခွဲမှု အဖွဲ့နှင့်
တို့၏ ဒုတိယ
ပြောကြားစဉ်။
(သတင်းစဉ်)

နွေးခဲ့ကြကြောင်း

(သတင်းစဉ်)

ဖြစ်တယ်။
လည်း သူတို့
တို့လိုဖြစ်အောင်
တ်လိုက်တယ်။
တ်များများကို
ာကို နှစ်သက်
တွေ့ အကြံတွေ
ဂေါက်သီးဟာ
တာကို တွေ့ရ
yashi က ပြော
ဘောကစားနေ
်ဆောင်ခဲ့သော
ယ်တစ်ဦးဖြစ်
Order of
ဖြစ်သည်။ ယခု
ထွန်းပေါက်
ယှဉ်ပြိုင်ကစား
ည်။

မောင်ကျော်

၂၀၁၃ခုနှစ်၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ကျင်းပရာ သဘာပတိ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါက်တာမောင်မောင်ဝင့်၊ ဒေါက်တာခင်မောင်ဆွေ၊ ဒေါက်တာနေလင်းနှင့်တာဝန်ရှိသူများ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆေးရုံအုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမင်းသန်းညွှန့်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံပြင်ဆင်မှုလုပ်ငန်းကိစ္စရပ်များနှင့် အဆောက်အအုံအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဗိသုကာဒေါ်နီလာကျော်က ရန်ကုန်ပြည်သူ့ ဆေးရုံကြီးအဆောက်အအုံ၏ လက်ရှိအခြေအနေလေ့လာသုံးသပ်မှုနှင့် ပြင်ဆင်ရေးကိစ္စရပ်များကို လည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်လျက်ရှိသော ကုသရေးလုပ်ငန်းများအခြေအနေကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာသန်းချိုက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်လျက်ရှိသည့် သင်ကြားရေးလုပ်ငန်းများ အခြေအနေကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ရန်ပုံငွေရှာဖွေမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံမှု ဆောင်ရွက်နေစဉ် ကာလအတွင်း ကုသရေးနှင့် သင်ကြားရေးကိစ္စရပ်များ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက် လာကြသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး အကြံပြုတင်ပြချက်များအပေါ် သဘောတူဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

က်ရုံတွေကို တိုက်ရိုက်သွားရောက်ထုတ်ယူစေပြီး ကိုယ့်
တွေကို ဖြန့်ဖြူးပေးရမှာ ဖြစ်ပါတယ်။
မှုစနစ်ပြောင်းလိုက်လို့ ဘယ်လိုအကျိုးရလဒ်တွေရနိုင်မလဲ။
ာ့ အဆင့်ဆင့်ဖြန့်ဖြူးနေရတာကြောင့် ကျွန်တော်တို့
တောင်သူတွေလက်ထဲ တိုက်ရိုက်ရောက်ရှိမှု
ရာက်သွားရင်လည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းထက်
ကို ဖြစ်သွားတတ်ပါတယ်။ ကွန်ပေါင်းဓာတ်မြေသြဇာ
နာအဖြစ်နဲ့ပဲ ရောက်သွားတာတွေလည်းတွေ့ရပါတယ်။
်ကတစ်ဆင့် ဖြန့်မယ်ဆိုတာကို သတင်းစာတွေမှာ
းသတင်းထုတ်ပြန်ပြီးပါပြီ။ ဒီတော့ တောင်သူတွေက
်အလိုက် အမှန်တကယ်လိုအပ်ချက်တွေကို အလွယ်
ဖြန့်ဖြူးတဲ့အခါမှာလည်း အခက်အခဲတွေဖြစ်လာရင်
စ်တဲ့ မြို့နယ်အဆင့် ဒေသအာဏာပိုင်တွေ တာဝန်
်ဖြေရှင်းပေးနိုင်မှာဖြစ်လို့ အရင်ကထက် ပိုပြီးထိရောက်
ျာ်လင့်ရပါတယ်။ အခုထိတော့ မြို့နယ်တွေက လိုအပ်တဲ့
ာ မရှိသေးပါဘူး။
်ထောက်ညွှန်ကြားရေးမှူး)
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

မေး ॥ ॥ တောင်သူတွေကိုစက်သုံးဆီများ ဖြန့်ဖြူးပေးတာ ရှိပါသေးသလား။

စက်သုံးဆီကို ကျွန်တော်တို့ဝန်ကြီးဌာနက တာဝန်ယူဖြန့်ဝေပေးတုန်းကတော့ တောင်သူတွေစိုက်ပျိုးတဲ့နေရာမှာ အသုံးပြုဖို့အတွက် ဖြန့်ဖြူးပေးခဲ့ပါတယ်။ ၁၀-၆- ၂၀၁၀ ရက်နေ့မှာ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်တွေကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့တဲ့နောက်ပိုင်းမှာတော့ ဖြန့်ဖြူးပေးခြင်း မရှိတော့ပါဘူး။ အဲဒီပုဂ္ဂလိကအရောင်းဆိုင်တွေမှာပဲ လွတ်လပ်စွာဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ ॥

✱ *ကျောဖုံးမှ*

နာဆာသိပ္ပံပညာရှင် ဒေါ်နယ်ယိုမန်းကပြောသည်။ ယင်းဂြိုဟ်သည် အကယ်၍ကမ္ဘာမြေကို ဝင်တိုက်မည်ဆိုပါက ပျက်စီးမှုသည် ၂ ဒသမ ၄ မီဂါတန်ဗုံးတစ်လုံးကြဲချသည်နှင့် ညီမျှမှုရှိလိမ့်မည်ဟု ၎င်းကဆိုသည်။ သို့သော် ကမ္ဘာကို ဝင်တိုက်ရန်မရှိပါ။ 2012 DA 14 ဟု အမည်ပေးထားသော ၎င်းဂြိုဟ်ကဲ့သို့ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်လုံးသည် နှစ် ၄၀ ကြာတိုင်း ကမ္ဘာမြေအနီးမှ ဖြတ်သန်းလေ့ရှိကြောင်း နာဆာက ခန့်မှန်းတွက်ချက်ထားသည်။ **(ရိုက်တာ)**

● *ကျောဖုံးမှ*

ထို့အပြင် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ တင်ပြထားသည့် ပူတာအိုဒေသပြည်သူများ မိုးတွင်းကာလစားသုံးရန်အတွက် လိုအပ်သော စားနပ်ရိက္ခာများဖြစ်သည့် ဆန် ၁၅၀၀တန်၊ဆား ၁၉၅တန်၊ ကြက်သွန်နီ၁၉၅ တန်၊ ကြက်သွန်ဖြူ ၃၉တန်တို့အား ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှစ၍ မြန်မာ့မီးရထားမှ ရထားတွဲများဖြင့် မြစ်ကြီးနားမြို့သို့ စီစဉ်တင်ပို့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ငွေပို့ငွေလွှဲလုပ်ငန်းများ လုပ်ဆောင်ခွင့်ရရှိတော့မည်ဖြစ်သည်။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများသည် တစ်လလျှင် ပျမ်းမျှ ဘတ်တစ်သောင်းနှင့် ဘတ်ငါးထောင်ကြားရရှိနေသဖြင့် ထိုင်းနိုင်ငံ၌ ဖွင့်လှစ်ပြုလုပ်ပေးနေသော စခန်း (၁၁)ခု၌ တရားဝင်အထောက်အထားများ ပြုလုပ်ပြီးပါက အလုပ်သမားအခွင့်အရေးများရရှိမည့်အပြင် လုပ်ခလစာငွေများကိုလည်း ဘဏ်များနှင့် ချိတ်ဆက်ကာ မြန်မာနိုင်ငံသို့ ငွေလွှဲပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ခရီးသွားဧည့်သည်များကို ယဉ်ကျေးပျူငှာစွာဆက်ဆံပြီး ကူညီစောင့်ရှောက်

နေပြည်တော် ဖေဖော်ဝါရီ ၈

ယခုနှစ်အတွင်း ပုဂံဒေသသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များလာရောက်မှုသည် ယခင်နှစ်ကာလများထက် ပိုမိုတိုးတက်လာလျက်ရှိရာ ပုဂံဒေသ၏တစ်မူထူးခြားလှပသည့် ပတ်ဝန်းကျင်မြင်ကွင်းကို ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားစွာဖြင့် လေ့လာကြည့်ရှုခံစားနိုင်စေရေးနှင့် အဆင်ပြေစေရေးတို့အတွက် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို တက်ရောက်လေ့လာခွင့်ပြုပေးနိုင်မည့် စေတီပုထိုးများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ရှေးဟောင်းအဆောက်အအုံများနှင့် စေတီပုထိုးများရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်ကြိုတင်ကာကွယ်ထိန်းသိမ်းရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရှေးဟောင်းသုတေသနဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို အမြဲမပြတ်လေ့လာရန်၊ Capacity Building ကို မြှင့်တင်ရန်၊ ခရီးသွားဧည့်သည်များကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံပြီး ကူညီစောင့်ရှောက်ပေးရန်၊ ခရီးသွားဧည့်သည်များကလည်း မိမိတို့၏ ရှေးဟောင်းဇုန်အတွင်းနှင့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများအတွင်း လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာစေရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် တာဝန်ရှိသူများကိုမှာကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် ပုဂံအာနန္ဒာဘုရားရှိ နံရံဆေးရေးပန်းချီနှင့် အနုလက်ရာများ ရှေးမူလက်ရာမပျက် အထွေထွေကြံ့ခိုင်ထိန်းသိမ်းရေး လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး Archaeological Survey of India မှပညာရှင်များနှင့် မိမိဌာနမှ ပညာရှင်များအား ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ॥ ॥ ကညနက ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး သတင်းအဖွဲ့ကတစ်ဆင့် ပြည်သူတွေကို ရှင်းပြပေးပါဦး။

ဖြေ ॥ ॥ မော်တော်ယာဉ်အသစ်များကို ပြည်သူများ အမြန်ဆုံးသုံးစွဲခွင့် ရရှိရေးအတွက် ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး ပြည်ပအစားထိုးယာဉ်တင်သွင်းရေးစီမံချက်ကို ၁၉-၉-၂၀၁၁ ရက်တွင် စတင်ခဲ့ပြီး ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို အဆင့် ငါးဆင့်နဲ့ သတ်မှတ်ဆောင်ရွက်ပေးနေပါတယ်။ ကနဦးမူသေနံပါတ်ရယူခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ FEC ၊ မြန်မာကျပ်ငွေတို့ဖြင့် ကျသင့်ငွေ ပေးသွင်းခြင်း၊ အမှုတွဲလက်ခံခြင်းနဲ့ ကမ-၃၊အဝိုင်း (မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်) ထုတ်ပေးခြင်းအပိုင်းများကို အဆင့်အလိုက် ဆောက်ရွက်ပေးခြင်းဖြစ်ပါတယ်။

မေး ॥ ॥ ဟုတ်ကဲ့၊လုပ်ငန်းအဆင့်အလိုက်ဆောင်ရွက်ပုံကိုလည်း သိပါရစေ။

ဖြေ ॥ ॥ ကနဦးကတော့ ကားဟောင်းအပ်ပြီးမှ စီးပွားကူးသန်းမှာ ပါမစ်လျှောက်ရတာပေါ့။ ကျွန်တော်တို့ ကညနက ကားဟောင်းမှတ်ပုံတင်စာအုပ်ဖျက်သိမ်းတဲ့ပုံစံ "ယ"ကို ထုတ်ပေးရပါတယ်။ ပါမစ်လျှောက်ပြီးတဲ့အခါ Custom Statement တို့ ID တို့ လုပ်ရပါတယ်။ အချက်အလက်တွေပြည့်စုံရင် ကျွန်တော်တို့က ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆက်လုပ်ရပါတယ်။ ပြီးရင်ယာဉ်စစ်တဲ့လုပ်ငန်း ဆက်လုပ်ပါတယ်။ ပါမစ် Custom Statement မှာပါရှိတဲ့ ဓာတ်ပုံတွေ၊ အချက်အလက်တွေတူမတူ စစ်ဆေးရပါတယ်။ မှတ်တမ်းမှတ်ရာနဲ့ ပြည့်စုံပြီဆိုရင် ကျသင့်တဲ့ အခွန်အခတွက်ပေးပါတယ်။ FEC နဲ့ သွင်းရတာရှိတယ်။ မြန်မာငွေနဲ့ သွင်းရတာရှိတယ်။ ပြီးရင်သက်ဆိုင်ရာစည်ပင်သာယာ အခွန်၊ အာမခံဌာနတို့မှာ သွင်းရပါတယ်။ အဲဒါတွေပြီးရင် စာရွက်စာတမ်းအမှုတွဲကို လက်ခံပြီး မှန်ကန်ပြည့်စုံရင်မှတ်ပုံတင် စာအုပ်(ကမ-၃)နဲ့ သက်သေခံလက်မှတ်(အဝိုင်း)တို့ကို ထုတ်ပေးပါတယ်။ လုပ်ငန်းစတင်ခဲ့တဲ့ ၁-၁၁-၂၀၁၁ ရက်မှ လက်ရှိ ၃၁-၁-၂၀၁၃ ရက်အထိဆိုရင် ကနဦးမှတ်ပုံတင်ပေးခဲ့တဲ့ မော်တော်ယာဉ်စီးရေပေါင်း ၁၂၄၈၃၅စီးရှိခဲ့ပါပြီ။

မေး ॥ ॥ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် အချို့က ကြန့်ကြာမှုတွေနဲ့ ကြုံတွေ့ရတယ်လို့ ဆိုပါတယ်။ ဘာကြောင့်၊ ဘယ်လိုဆိုတာ ရှင်းပြပေးပါဦး။

ဖြေ ॥ ॥ လုပ်ငန်းကြန့်ကြာမှုရှိတယ်လို့ ထင်မြင်ယူဆသူအချို့ရှိကောင်းရှိခဲ့ရင်လည်း ကျွန်တော်ရှင်းပြပါရစေ။ ကားဟောင်းမအပ်ထားတာမျိုး၊ ငွေမသွင်းထားတာမျိုး၊ ယာဉ်စစ်တဲ့အခါ ကွဲလွဲချက်ရှိတာမျိုး အပိုင်းတွေကို အထူးသတိပြုကြဖို့ လိုအပ်ပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ညီညွတ်ဖို့ လိုအပ်ပါတယ်။

မေး ॥ ॥ အကျယ်တဝင့် ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ ॥ ॥ ကားဟောင်းမအပ်တာမျိုးဆိုတာ ကားဟောင်းပိုင်ရှင်ကကျွန်တော်တို့ဆီက မှတ်ပုံတင်ဖျက်သိမ်းပြီးကြောင်း ပုံစံ "ယ"စာရွက်ထွက်ပြီဆိုရင် ကားဟောင်းကိုသွားအပ်ရမှာပါ။ ကားဟောင်းအပ်နှံရာမှာ ရန်ကုန်မြို့ အင်းစိန်သံမဏိစက်ရုံနဲ့ မြင်းခြံသံမဏိစက်ရုံဆိုပြီး နှစ်နေရာရှိပါတယ်။ ကားဟောင်းအပ်ပြီးရင် အဲဒီကပုံစံ(စ)ကို ဌာနချင်းဆက်သွယ်ပေးပို့ပါတယ်။ ကားဟောင်းအပ်ပြီးကြောင်းပေါ့။ တချို့က ကျွန်တော်တို့ဆီက မှတ်ပုံတင်ဖျက်သိမ်းပြီးကြောင်း ပုံစံ "ယ" စာရွက်က ထွက်သွားပြီ၊ ကားသစ်လျှောက်ပြီး ကားကရလာပြီ။ ဒါပေမယ့် ကားဟောင်းက မအပ်ရသေးဘူး။ တချို့က ကားဟောင်းစလစ်နဲ့ဝယ်ကြတယ်။သို့သော် ကားဟောင်းအပ်ပြီးမအပ်ပြီး မသိကြဘူး။ ကားဟောင်းအပ်ပြီး ပုံစံ(စ)ကို မိတ္တူယူပြီး တွဲထားရမှာ။ အဲဒီအခါမှာ ကျွန်တော်တို့ဆီက ကြာတယ်လို့ထင်ကြတယ်။ နောက်တစ်ချက်က ငွေမသွင်းတာမျိုးပေါ့။ ကျွန်တော်တို့ဆီမှာ ပိုင်ရှင်ကိုယ်တိုင်နံပါတ်ယူဆောင်ရွက်တာမျိုးရှိပေမယ့် အများစုကတော့ မအားလပ်တဲ့အတွက် ကိုယ်စားလှယ်တို့၊ ကုမ္ပဏီတို့နဲ့ ဆောင်ရွက်ကြပါတယ်။ အဲဒီမှာလည်း ပိုင်ရှင်အများစုက ကနဦးမူသေနံပါတ်ရပြီဆိုရင် ကားနံပါတ်ရပြီဆိုပြီး အေးအေးဆေးဆေးနေတတ်ကြပါတယ်။ အချိန်တန်ရင်ထွက်မှာပဲဆိုပြီးတော့ပေါ့။ ဒါပေမယ့် ကုမ္ပဏီအချို့နဲ့ ကိုယ်စားလှယ်အချို့က လည်းဆက်ပြီး မဆောင်ရွက်တာမျိုးရှိတတ်တယ်။ တကယ်တော့အပ်ထားတဲ့သူတွေက အလုပ်လုပ်ရမယ်။ ကျွန်တော်စောစောကပြောသလို နံပါတ်ထွက်တာနဲ့ မပြီးသေးဘူး။ နံပါတ်ယူပြီးသွားပြီ၊ယာဉ်စစ်ပြီးသွားပြီ ဆိုရင် ကျသင့်တဲ့ အခွန်အခတွေပေးသွင်းရဦးမယ်၊ စည်ပင်တို့အာမခံတို့မှာ အခွန်ပေးသွင်းပြီးမှလုပ်ငန်းကစတင်ရတာ။ တစ်ခါတလေမှာ FEC အတက်အကျ ကစားပြီးတော့ ငွေမသွင်းတာလည်း ရှိတတ်တယ်။အဲဒီလိုတစ်ခုခုမပြည့်စုံရင် ကျွန်တော်တို့လုပ်ငန်းစလို့မရတော့ဘူး။ အဲဒီအခါမှာ ကျွန်တော်တို့ဆီက ကြာတယ်လို့ထင်ကြတယ်။

နောက်တစ်ချက်ကလည်း ယာဉ်စစ်ဆေးတဲ့အခါမှာ Custom Statement စစ်လိုက်တဲ့အခါ ပါလာတဲ့ဓာတ်ပုံနဲ့ကွဲလွဲတာမျိုးလည်း ရှိတတ်တယ်။ အဲဒါမျိုးကျရင် ကျွန်တော်တို့က ပြန်မေးရတာမျိုးရှိတယ်။ ဒါတွေက ပြည်သူတွေဘက်က မသိခဲ့ကြတဲ့အချက်တွေပါ။

မေး ॥ ॥ အဲဒီလိုအခက်အခဲများကြောင့် ကြန့်ကြာနေရတဲ့ ယာဉ်တွေရှိပါသေးလား။

ဖြေ ॥ ॥ ဟုတ်ကဲ့ရှိပါတယ်။ ၃၀-၁-၂၀၁၃ရက်နေ့အထိ ကနဦးမှတ်ပုံ တင်ခ FECမြန်မာကျပ်ငွေတွက်ချက်ပြီးသော်လည်းပဲ လာရောက်ငွေပေးသွင်းခြင်းမရှိသေးတဲ့ ယာဉ်စီးရေပေါင်း ၁၆၇၄စီးရှိပါတယ်။ နောက်ပြီး ဌာနက လုပ်ငန်းအားလုံးပြီးပြတ်အောင် ဆောင်ရွက်ပေးပြီးသော်လည်းကမ- ၃နဲ့အဝိုင်းလာရောက်ထုတ်ယူမှု မရှိတဲ့ ယာဉ်စီးရေပေါင်း ၁၂၀၉ စီးလည်း ရှိပါတယ်။ ဒါတွေကိုလည်း အမြန်ဆုံးလာရောက်ထုတ်ယူဖို့ အသိပေးချင်ပါတယ်။

မေး ॥ ॥ လက်ရှိမှာလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်ရေးအတွက် ဘယ်လိုများစီမံဆောင်ရွက်ထားပါသလဲခင်ဗျာ။

ဖြေ ॥ ॥ လုပ်ငန်းများစတင်ဆောင်ရွက်ချိန်မှာတော့ လုပ်ငန်းပမာဏက မျှော်မှန်းတာထက် ပိုများပြားတဲ့အတွက် လုပ်ငန်းနဲ့ ဝန်ထမ်းအင်အား မမျှတမှုကြုံခဲ့ရပါတယ်။ ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှာတော့ ရုံးချုပ်က ဝန်ထမ်းအင်အားကို တိုးမြှင့်ဖြည့်တင်းပေးထားပြီး ဖြစ်ပါတယ်။

အလားတူယခင်က ကနဦးမူသေ နံပါတ်ပေးတဲ့အခါ လူတစ်ဦးကို ယာဉ်နှစ်စီးနှုန်းနဲ့ပဲပေးခဲ့တဲ့အတွက် လူတွေက အများကြီးဖြစ်နေခဲ့တယ်။ အချို့ကလည်း ကိုယ်စားလှယ်ရှိမယ်၊ ကုမ္ပဏီရှိတဲ့အခါ လူတွေအများကြီးခေါ်လာနေရတယ်။ တန်းစီရတာတွေပါဖြစ်လာတယ်။ နောက်ပိုင်းကျွန်တော်တို့ လူတစ်ဦးကို စီးရေမကန့်သတ်ထားတော့ဘူး။ ဒါကြောင့် လူတွေအများကြီး လာစရာမလိုတော့ဘူး။ တန်းစီစရာမလိုတော့ဘူး။ လုပ်ငန်းကတော့ ဒီစီးရေပါပဲ။ လက်ရှိတစ်နေ့ကို ပျမ်းမျှ ၄၀၀ ခန့်ရှိပါတယ်။ အခုဆို မူသေနံပါတ်ပေးတာ ၆c/၇၀၀၀ ကျော်များပါပြီ။ AA ကားတွေကိုတော့ ဖေဖော်ဝါရီ ၄ ရက်ကစပြီး ရွာသာကြီးကညနမှာ ဆောင်ရွက်ပေးနေပါတယ်။ လုပ်ငန်းပိုပြီး မြန်အောင်ခွဲလုပ်တဲ့သဘောပါ။

မေး ॥ ॥ ပြည်သူတွေ အခက်အခဲရှိမယ်။ ဝေဖန်အကြံပြုလိုတယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမလဲခင်ဗျာ။

ဖြေ ॥ ॥ ပြည်သူတွေအခက်အခဲရှိမယ်၊ ဝေဖန်အကြံပြုလိုတယ်ဆိုရင် ကျွန်တော်တို့ကို အချိန်မရွေးဆက်သွယ်တွေ့ဆုံနိုင်ပါတယ်။ တံခါးဖွင့်ထားပါတယ်။ ကျွန်တော်တို့အပိုင်းက လုပ်ပေးနိုင်ရင်လုပ်ပေးပါမယ်။ မလုပ်ပေးနိုင်တဲ့အပိုင်းဆိုရင်လည်း ဌာနအကြီးအကဲများကို ဆက်လက်တင်ပြပေးပါမယ်။ ဌာနအချင်းချင်းအနေနဲ့ဆိုရင်လည်း ချိတ်ဆက်ဆောင်ရွက်ပေးပါမယ်။ အချိန်မရွေးဆက်သွယ်နိုင်ပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ညီညွတ်တယ်ဆိုရင်၊ စာရွက်စာတမ်း အမှုတွဲပြည့်စုံတယ်ဆိုရင် ကမ-၃ (မှတ်ပုံတင်စာအုပ်)နဲ့ အဝိုင်းသက်သေခံလက်မှတ်ကို အမြန်ဆုံးထုတ်ပေးနေပါတယ်။ ကျွန်တော်တို့အားလုံး အားထည့်ပြီးဆောင်ရွက်ပေးနေပါတယ်။

သတင်းအဖွဲ့။ ယခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ရှိကြောင်းပါခင်ဗျာ။

ပြည်တွင်းသတင်း

ကမ္ဘာ့အဆင့်မီမြို့ကြီးများကဲ့သို့ ရင်ပေါင်တန်းနိုင်ရေးကြိုးစားဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ၏ ပဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ မြို့ကြီးများကဲ့သို့ ရင်ပေါင်တန်းနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသောရေရရှိရေး၊ ကောင်းမွန်လုံခြုံသည့် သယ်ယူပို့ဆောင်ရေးစနစ် တည်ဆောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် စသည့်အခြေခံကျသောအချက်များကို ရန်ကုန်မြို့တွင် နေထိုင်ကြသည့် ပြည်သူများ ပြည့်ပြည့်ဝဝရရှိရေး ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ မြို့တော်နေပြည်သူများ အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာလာသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်ရေးအတွက် စည်းရုံးပညာပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ပြည်သူများ၏ အသိစိတ်ဓာတ်နှင့် လိုက်နာခြင်းသည် တာရှည်ခိုင်မြဲသဖြင့် ကျောင်းများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများကို ပညာပေးလှုံ့ဆော်မှု ပြုလုပ်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးကို မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း Master Plan အား JICA နှင့်ပူးပေါင်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်မှ သစ်တောဝန်ထမ်းများသည် ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် တရားမဝင်သစ်ဖမ်းဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ် နောင်ဆန်းကျင်ဘိနယ် မယ်နယ်ကျေးရွာအုပ်စု မယ်နယ်ကျေးရွာမှ နှစ်မိုင်ခန့်အကွာနှင့် ခုတ်ကွက်ကြီး (XXX 11)အတွင်း နေရာကိုးခုမှ တရားမဝင် အင်သစ် လုံး/ခွဲသား ၄၁ ဒသမ ၈၁၉၂ တန် နှင့် ကညင်သစ်လုံး/ခွဲသား ၂၃ ဒသမ ၆၁၅၂ တန်ကို လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ပုလဲမြို့နယ်မှ သစ်တောဝန်ထမ်းများသည် ပုလဲမြို့နယ် လယ်ခမ္မဘိနယ် ရေကြောရွာအနောက်မြောက်ဘက်နှစ်မိုင်ခန့်အကွာ၌ ပျဉ်းကတိုး ဓားရွေ ၁ ဒသမ ၀၀၆၆ တန်၊ အင်ဓားရွေ ၀ ဒသမ ၉၈၈၂ တန်နှင့် နှော့ဓားရွေ ၀ ဒသမ ၁၃၃၄ တန်တို့ကို လည်းကောင်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။

အလားတူ ဖေဖော်ဝါရီ ၂ ရက်တွင် ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကသာ၊ ဗန်းမောက်မြို့နယ်တို့မှ ဦးစီးအရာရှိများ ခေါင်းဆောင်သော အဖွဲ့သည် ကသာမြို့နယ် ကျော်ဝင်ကျေးရွာဆိပ်ကမ်း၌ တရားမဝင် တမလန်းသစ်/ တိုင်/ ဓားရွေ ၃ ဒသမ ၁၅၉၆ တန် တင်ဆောင်ထားသော ချမ်းသာအောင် မော်တော်တစ်စင်းနှင့်အတူ ဦးဆန်းထွန်းရပ်ကွက်(၃) ကသာမြို့၊ ဦးဝင်းမြင့် ကြေးနန်းရပ်မိုးမောက်မြို့၊ ဦးဝင်းမြတ်စိုး မိုးတားလေးရွာ ကသာမြို့နယ်တို့ကို ဖမ်းဆီးရမိပြီး ကသာမြို့နယ် ကျောက်ပုံရွာအနီး ဧရာဝတီမြစ်လယ်တွင် ကျောက်ချရပ်နားထားသော စီဘီတစ်စင်းနှင့် တွန်းသင်္ဘောတစ်စင်းပေါ်မှ တရားမဝင်ယမနေခွဲသား ၄၂ ချောင်း ၂ ဒသမ ၇၅၉၄ တန်ကို ရေယာဉ်မောင်း ဦးကျော်စိုးဦး တူးပေါက်ရွာ ဆင်ပေါင်ဝဲမြို့နယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ သစ်ရောင်းသူမှာ ဦးမျိုးအောင်ညောင်ခြေထောက်ရွာ ကသာမြို့နယ်ဖြစ်ပြီး သစ်ဝယ်သူမှာ ဦးမိုးဝင်း မန္တလေးမြို့ဖြစ်ကြောင်း သိရှိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်သူများအား ကသာမြို့နယ်တရားရုံးတွင် သစ်တောဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်နှင့် ဒိုက်ဦးမြို့နယ်တို့မှ သစ်တောဝန်ထမ်းများပါဝင်သော တရားမဝင်သစ်ဖမ်းဆီးရေးအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်တွင် ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၅၆/ ၀)အနီး၌ တရားမဝင် ကျွန်းခွဲသား ၉၀ ချောင်း ၆ ဒသမ ၂၁၀၈ တန် တင်ဆောင်ထားသည့် ၁ခ/. . . ဘတ်စ်ကားတစ်စီးကို ဖမ်းဆီးပြီး ဖြစ်စဉ်နှင့်ပတ်သက်သူများအား စုံစမ်းဖော်ထုတ်ဆဲဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကားချင်းပြိုင်မောင်းရာမှ ကားတိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၈

ဖေဖော်ဝါရီ ၇ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် ရွှေပြည်သာ မြို့နယ် အမှတ်(၇)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့်အဝေရာ လမ်းထောင့်တွင် ၆က/. . . ဒိုင်နာယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါနေ့တွင် ၎င်းယာဉ်သည် ကမ္ဘာ(၁)အထည်ချုပ်စက်ရုံမှ ဝန်ထမ်းများအား ကြိုလျက် အင်းစိန်မြို့နယ် ဒညင်းကုန်းဘက်မှ ရွှေပြည်သာမြို့နယ် အမှတ် (၉)ရပ်ကွက်သို့ အခြားယာဉ်တစ်စီးနှင့်အတူ ယှဉ်မောင်းနှင်လာစဉ် (၇)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် အဝေရာလမ်းထောင့်တွင် ရုတ်တရက်လမ်းဘေးသို့ ထိုးကျ၍ ဝဲဘက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ အမျိုးသမီး ၂၉ဦးနှင့် အမျိုးသားတစ်ဦးတို့ ဒဏ်ရာရရှိပြီး အင်းစိန်ဆေးရုံနှင့် ရွှေပြည်သာဆေးရုံများသို့ အသီးသီးတင်ပို့၍ ဆေးဝါးကုသမှုများ ခံယူလျက်ရှိပြီး အသေအပျောက်မရှိကြောင်း သိရသည်။ တိမ်းမှောက်ယာဉ်သည် ရွှေပြည်သာမြို့နယ်မှ အောင်မင်္ဂလာအဝေးပြေးသို့ မောင်းနှင်နေသော ခရီးသည်တင်ယာဉ်ဖြစ်ပြီး လိုင်းဆွဲပြီးချိန်တွင် ဝန်ထမ်းကြိုပို့ယာဉ်ပြေးဆွဲကြောင်းနှင့် အခင်းဖြစ်ပွားရာအတွင်း ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားသည်ဟု သိရှိရသည်။ **(၁၆၆)**

မြန်မာ – ဩစတြီးယား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဩစတြီးယား ပြည်ထောင်စုကုန်သည်များအသင်းတို့ ပူးပေါင်း၍ Myanmar Austria စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းက Chatrium Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဩစတြီးယားပြည်ထောင်စုကုန်သည်များ အသင်းနှင့် စီးပွားရေးဝန်ကြီး Mr. Christoph Leitl နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အလုပ်အမှုဆောင် ဦးသောင်းစုငြိမ်းက “ Business Opportunities and Potential ”ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြကာ ဩစတြီးယားကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ စီးပွားရေးအခွင့်အလမ်းများကို ဗီဒီယိုဖြင့်ရှင်းလင်းပြသသည်။ထို့နောက် မြန်မာ-ဩစတြီးယားစီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်မြင်တိုင်မြို့နယ်အတွင်း စာပေဟောပြောပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ယခုနှစ် ပွင့်လင်းရာသီ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စာပေဗဟုသုတပညာနှင့် အသိလိမ္မာများ ပိုမိုမြင့်မားလာစေရေးအတွက် စာရေးဆရာများဖြင့် စာပေဟောပြောပွဲများကိုလည်း နေ့စဉ်နှင့်အမျှ ကျင်းပလာကြသည်ကို တွေ့မြင်နေရသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ စာပေဟောပြောပွဲများကို တစ်လအတွင်းမှာပင် ရပ်ကွက်သုံးခုက စီစဉ်ကျင်းပသွားမည်ဖြစ်ရာ အိုးဘိုရပ်ကွက်၌ ဖေဖော်ဝါရီ ၁၀ ရက် ညတွင် ဗိုလ်သူရလမ်းမကြီးပေါ်၌ ဆရာဦးအောင်သင်း၊ ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ဆရာမ ဒေါ်သန်းမြင့်အောင်တို့က ဟောပြောမည်ဖြစ်သည်။ ဘောဂရပ်ကွက်၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) ညချမ်းတွင် တော်ဝင်လမ်းမကြီးပေါ်၌ ဆရာမ မအိ၊ ဆရာဇော်သက်ထွေး၊ ဆရာ ဂျင်မီ(ကျော်မင်းယု)၊ ဆရာမင်းကိုနိုင် (ပေါ်ဦးထွန်း)တို့က ဟောပြောကြမည် ဖြစ်သည်။

ထို့အပြင် ဈေးကြီးရပ်ကွက် ကျောင်းကြီးလမ်း မဟာသကျဘုရားရှေ့တွင် ဖေဖော်ဝါရီ ၁၆ ရက်ည၌ ဆရာ မောင်ခင်မင်(ဓနုဖြူ)၊ ဆရာဖေမြင့်၊ ဆရာနေဝင်းမြင့်၊ ဖေဖော်ဝါရီ ၁၇ ရက်ညတွင် ဆရာညီမင်းညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာကိုကိုကြီးတို့က ဟောပြောမည်ဖြစ်သည်။ **(ဇင်ကိုကိုထက်)**

အပြာရောင်၊ အစိမ်းရောင် ပလတ်စတစ်အိတ်များဖြင့် အမှိုက်များစွန့်ပစ်နိုင်ပြီ

သတင်း – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့တွင် ပြည်သူများ အမှိုက်စွန့်ပစ်ရာ၌ စနစ်တကျခွဲခြားစွန့်ပစ်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ကာ အမှိုက်စိုနှင့်အမှိုက်ခြောက်များကို ခွဲခြားစွန့်ပစ်စေခြင်းများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများ တဖြည်းဖြည်းနှင့်လိုက်နာဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြည်သူတွေ စွန့်ပစ်အမှိုက်ကို အပြာရောင်ပလတ်စတစ်အိတ်များ အသုံးပြုပြီး အမှိုက်အစို၊ အစိမ်းရောင်ပလတ်စတစ်အိတ်များနဲ့ အမှိုက်အခြောက်တွေထည့်ပြီး ခွဲခြားစွန့်ပစ်မှုကို ပြီးခဲ့တဲ့နှစ် ဧပြီ ၁ ရက်က စတင်ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ၎င်းက ပြောကြားသည်။

ထိုသို့ အရောင်များ ခွဲခြားအသုံးပြုစေခြင်းဖြင့် စွန့်ပစ်အမှိုက်များကို စွန့်ပစ်ရာတွင်လည်းကောင်း၊ သိမ်းဆည်းရာတွင်လည်းကောင်း လွယ်ကူစေရန်ဖြစ်ပြီး အမှိုက်စွန့်ပစ်သည့် ပြည်သူများအား အမှိုက်အိတ်ဖိုးသက်သာစေရန်ဖြစ်သည်။ အမှိုက်စွန့်ပစ်ပလတ်စတစ်အိတ်များကို ဝယ်ယူသုံးစွဲမှုမှ သက်သာစေရန် မြို့တော်စည်ပင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပလတ်စတစ်လုပ်ငန်းရှင်များ ပူးပေါင်း၍ Recycle ပလတ်စတစ်အိတ်အပြာ၊ အစိမ်းအိတ်များ ထုတ်လုပ်အသုံးပြုရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဈေးဝယ်သူများအနေဖြင့် ဈေးများတွင် ဝယ်ယူပြီးသောပစ္စည်းများကို သယ်ဆောင်ရာ၌ ဆိုင်များတွင်ရှိသော အခြားပလတ်စတစ်အိတ်များထက် အပြာရောင်အိတ်နှင့် အစိမ်းရောင်အိတ်များကို တောင်းယူကာ ပစ္စည်းထည့်ယူခြင်းဖြင့် အမှိုက်စွန့်ပစ်သည်အထိ ၎င်းအပြာရောင်နှင့် အစိမ်းရောင်အိတ်များက အသုံးဝင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများက အမှိုက်အိတ်သီးခြားဝယ်ယူစရာမလိုဘဲ စွန့်ပစ်နိုင်မည်ဖြစ်ရာ အမှိုက်အိတ်ဖိုး ငွေကုန်သက်သာစေမည် ဖြစ်သည်။

ထိုသို့ပြည်သူများ ငွေကုန်ကျမှုမရှိဘဲ အမှိုက်ပစ်ပလတ်စတစ်များ အသုံးပြုနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် အောက်တိုဘာမှ စတင်ကာ လုပ်ငန်းရှင်များအား (၁၂ × ၂၀) လက်မ အထက် အရွယ်အစား ပလတ်စတစ်အိတ်များကို အပြာရောင်နှင့် အစိမ်းရောင်အိတ်အရွယ်အစားများ ထုတ်လုပ်စေခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဈေးများတွင် ပစ္စည်းဝယ်ယူပြီး ထည့်ရန်အတွက် အခြားပလတ်စတစ်အိတ်အစား အပြာရောင်၊ အစိမ်းရောင်အိတ်များကို တောင်းယူပြောင်းလဲထည့်နိုင်ကြောင်း သိရသည်။ ယင်းပလတ်စတစ်အိတ်များဖြင့် အမှိုက်စွန့်ပစ်သည့်အခါ အမှိုက်အစို၊ အမှိုက်အခြောက်ခွဲခြားပြီး စွန့်ပစ်နိုင်မည်ဖြစ်သည်။

ထိုသို့အပြာရောင်၊ အစိမ်းရောင် ပလတ်စတစ်အိတ်များကို ပစ္စည်းထည့်ရန်တောင်းဆိုသည့်အခါ မပေးသည့်ဆိုင်များအား လိပ်စာအတိအကျဖြင့် ပြည်သူများ တိုင်ကြားနိုင်ပြီဖြစ်ရာ စည်းကမ်းတကျ အမှိုက်များ စွန့်ပစ်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။ **(မြန်မာ့အလင်း)**

စက်ရုံဝန်ထမ်းကြိုးဆွဲချသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်း အမျိုးသားတစ်ဦး မိမိကိုယ်ကို ကြိုးဆွဲချသေကြောင်းကြံစည်မှု ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကမာရွတ်မြို့နယ် အမှတ် (၁)ရပ်ကွက် ဆီစက်လမ်း အမှတ် ၇၅ ရှိ ဦးကြူ ဂျုံစက်ရုံတွင် နံနက် ၆ နာရီခန့်က ထမင်းချက် အမျိုးသမီးဝန်ထမ်းများ စက်ရုံသို့ လာရောက်စဉ် စက်ရုံထုပ်တန်းတွင် လုံခြုံရေးလုပ်သား ဦးခင်မောင်ဌေး ၅၀ နှစ်သည် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့မြင်ရသဖြင့် ပတ်ဝန်းကျင်သို့ အကြောင်းကြားခဲ့သည်။ ထိုသို့ အကြောင်းကြားမှုကြောင့် ကမာရွတ်မြို့နယ်ရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်လွင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီး အလောင်းကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။ ရန်ကုန်ဆေးရုံကြီးမှ PR အမှတ် (၀၆၄) ဖြင့် လက်ခံပြီး ကမာရွတ်မြို့နယ်ရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၁၆၃)

မီးသတိပြု

ပြည်တွင်းသတင်း

ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သစ်ကြိမ်းကျေးရွာအုပ်စုရှိ ဗောဓိကုန်းအမကကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးရန်ပုံငွေကျပ် ၂၁၆ သိန်းဖြင့် တက်လမ်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် ပေ ၆၀×၃၀ အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဒေါက်တာသန်းအောင်နှင့် နေပြည်တော်ပညာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် သာဝတ္ထိအုပ်စုရှိ အထက(၆) ကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးရန်ပုံငွေကျပ် ၆၄၈ သိန်းဖြင့် တက်လမ်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် ပေ ၁၈၀×၃၀ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားနှင့် ကုမ္ပဏီမှ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်၊ ပညာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဝင်း၊ မြို့မိမြို့ဖပါတီမှ ဦးဇော်အောင်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးပေါ်ထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် **(အပေါ်ပုံ)** နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ကျောင်းဆောင်သစ်များကို တာဝန်ယူဆောက်လုပ်ခဲ့သည့် ကုမ္ပဏီမှ သက်ဆိုင်ရာကျောင်းများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ဈေးကောင်းရလာသည့် အစေ့ထုတ်ပြောင်း ရောင်းကောင်းဝယ်ကောင်း

လားရှိုး ဖေဖော်ဝါရီ ၈

တရိပ်ရိပ် ဈေးကောင်းရလာသည့် အစေ့ထုတ်ပြောင်းကို ကုန်သည်များက များများတင်ပို့နိုင်ရန်အတွက် များများဝယ်နေကြ၍ အရောင်းအဝယ်ကောင်းနေကြောင်း လားရှိုးလက်ကားကုန်စည်ဒိုင်မှ တာဝန်ရှိသူ ဦးသိန်းဝင်းကပြောသည်။

"ဒီနှစ်ပြောင်းဈေးက တရိပ်ရိပ် တက်လာတယ်၊ ဒီဇင်ဘာလတုန်းက ပြောင်းတစ်ပိဿာ ငွေကျပ် ၃၀၀-၃၅၀ လောက်ရခဲ့တာ၊ ဒီနေ့ပေါက်ဈေးက ပြောင်းတစ်ပိဿာ ငွေကျပ် ၄၃၀ ပေါက်တယ်။ အရင်နှစ်မှာ ဈေးအမြင့်ဆုံးက ငွေကျပ် ၅၀၀ ကျော်ကျော်အထိ ပေါက်ခဲ့တာ။ ဒီနှစ်မှာလဲ ငွေကျပ် ၅၀၀ ကျော်အထိ ဈေးရနိုင်တယ်လို့ မျှော်လင့်မိတယ်။ ဘာလို့လဲဆိုတော့ တရုတ်ဘက်က အစေ့ထုတ်ပြောင်းကို ထုတ်ကုန်အမယ်တွေ တိုးလုပ်နိုင်တယ်။ အခုဆိုရင် ပြောင်းဖူးဆီထုတ်နေပြီ၊ စားသောက်ကုန်တွေအပြင် သူတို့ဘက်မှာ တိရစ္ဆာန်အစားအစာအတွက် လိုနေကြတယ်လေ။ ကုန်ချောတွေထုတ်ပြီး မြန်မာပြည်ကို ပြန်သွင်းတာများပါတယ်။ ပြီးတော့ အစေ့ထုတ်ပြောင်းကို ဒီဘက်က တရားဝင်ပို့ကုန်အဖြစ်တင်ပို့တာဖြစ်ပြီး သူတို့ဘက်ကတော့ အောက်လိုင်းသဘောဖြစ်နေတာ။ နှစ်နိုင်ငံအကြားကုန်သွယ်မှုအတွက် ပြောင်းကို တရားဝင်သွင်းကုန် ပို့ကုန်ဖြစ်အောင် စီစဉ်နေတယ်။ ဝယ်လိုအားများလာတာနဲ့အမျှ အစေ့ထုတ်ပြောင်းက ဈေးကောင်းရလာတာပါပဲ။ ပြီးတော့ ဒီနှစ်မှာ မန္တလေး၊ မကွေး၊ စစ်ကိုင်းစတဲ့ ဒေသတွေမှာ အစေ့ထုတ်ပြောင်းက ထင်သလောက် မထွက်ခဲ့ဘူး။ ဒါကြောင့် ကုန်သည်တွေဘက်ကရတဲ့ နေရာဒေသတွေမှာ ဈေးကောင်းပေးဝယ်နိုင်လာတာပါ" ဟု ၎င်းက ပြောပြသည်။

အစေ့ထုတ်ပြောင်း ကိုယ်တိုင်စိုက်ပျိုးသူတောင်သူ ဦးအိုက်လုက ပြောင်းကို အဓိကထားစိုက်ပြီး ဈေးတက်မည့်အချိန်မစောင့်နိုင်ဘဲ မြန်မြန်ရောင်းကြောင်း၊ ငွေမြန်မြန်ပေါ်ဖို့လိုကြောင်း၊ ဈေးကောင်းရမည့်အချိန်ကို သိသော်လည်း နောက်မှစားဖို့စပါးနှင့် ပဲပုပ်တို့ကိုလည်း စိုက်ရဦးမည်ဖြစ်၍ စရိတ်လိုကြောင်း၊ ရင်းနှီးထားရသည့် လုပ်အားခများကလည်းများကြောင်း၊ ပြောင်းစိုက်ရုံတင်မကဘဲ ကုန်ချောထုတ်ချင်တဲ့ ဆန္ဒရှိကြောင်း၊ ဆီကို အဓိကထားပြီး ပြောင်းဖူးဆီထုတ်ချင်ကြောင်း၊ မိမိတို့ဒေသကလူတွေ ဆီကောင်းဆီသန့် စားစေချင်ကြောင်း ပြောပြသည်။

ပြောင်းကုန်သည် ဒေါ်ရီက "ပြောင်းကို လားရှိုးဒေသတစ်ဝိုက်ကကုန်သလောက်ရှိနေပါပြီ၊ အခုလောလောဆယ် တောင်ပိုင်းကပြောင်းတွေဝယ်တယ်။ သီပေါနယ်ဘက်ကလည်း ရွာဘက်တွေအထိ လိုက်ဝယ်ထားတယ်၊ တချို့ကလည်း ဈေးကောင်းရအောင် စောင့်ရောင်းတဲ့သူတွေရှိတယ်၊ အခက်အခဲတစ်ခုကတော့ ပြောင်းတင်ပို့ဖို့အတွက် မော်တော်ကားတွေကတော့ လိုတယ်၊ မော်တော်ကားတွေက မန္တလေး-မူဆယ် တိုက်ရိုက်ပြေးကြတာ၊ အခု အချိန်က တရုတ်ပြည်ကို ဖရဲသီးနဲ့ သခွားသီးတွေ များများတင်ပို့နေတာ၊ လားရှိုး မူဆယ်ကို ပြောင်းဖူးတင်ဖို့ ၂၂ ဘီးတွဲ ကားကြီးတွေနဲ့ပို့တယ် များများတင်နိုင်တယ်။ ကားကို ကြိုရှာထားရတယ်" ဟုပြောသည်။

အစေ့ထုတ်ပြောင်း ၅၀ ကီလိုတစ်အိတ်လျှင် မူဆယ်ကြယ်ခေါင်အဖွင့်ဈေးတရုတ်ငွေ ၁၀၂ -၁၀၃ ယွမ်ဝန်းကျင်ရကြောင်း၊ မြန်မာငွေဖြင့် ငွေကျပ် ၁၃၀၀၀-၁၄၀၀၀ ဝန်းကျင်ဈေးရကြောင်း သိရသည်။ လားရှိုးမြို့ရှိ လုပ်ငန်းရှင်များကလည်း ပြောင်းဖူးဆီထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်ကြောင်းသိရသည်။

မမ(လားရှိုး)

မြေလျှင်ဒဏ်သင့်အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လမ်း လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ အာရှပစိဖိတ်ဒေသအတွင်းရှိ အမျိုးသမီးများချစ်ကြည်ရေးအဖွဲ့ Asia Pacific Ladies Friendship Society (ALFS)အဖွဲ့မှ အလှူငွေကျပ် ၂၄ သိန်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြေလျှင်ဒဏ်သင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ အလှူငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက ရွှေဂုံတိုင် ကလေးပြုစုရေးဌာန ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

(ALFS) အဖွဲ့ဥက္ကဋ္ဌ ဂျပန်အမျိုးသမီး Mrs. Haruko Komura က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က လက်ခံယူပြီး ဂုဏ်ပြုလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ရွှေဂုံတိုင်ပြုစုရေးဌာန၏ တစ်နေ့တာ လုပ်ငန်းဆောင်ရွက်ချက်များကို ဗီဒီယိုမှတ်တမ်းဖြင့် တင်ပြပေးကာ မွေးကင်းစမှ ရှစ်နှစ်အရွယ်အထိ ကလေးငယ် ၁၁၂ ဦးအား ပြုစုစောင့်ရှောက်ထားရှိပုံကို အဖွဲ့ဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံမြန်မာသံအမတ်ကြီး၏ဇနီး ဒေါ်အေးအေးငြိမ်းနှင့် အဖွဲ့ဝင်များအား ရွှေဂုံတိုင် ကလေးပြုစုရေးဌာန ဦးစီးအရာရှိ(စီမံ) ဒေါ်ခင်မာအေးက လိုက်လံပြသပေးသည်။ **(အပေါ်ပုံ)** (၀၂၇)

မအူရွာက ပန်းဂေါ်ဖီ မြို့မဈေးသို့ လှိုင်လှိုင်ဝင်လာ

ဆားလင်းကြီး ဖေဖော်ဝါရီ ၈

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုအခါ ဆည်ရေသွင်း၍ စိုက်ပျိုးသော စပါး၊ ခရမ်း၊ ပဲ၊ ဂျုံ၊ ပြောင်း၊ နှမ်း၊ ခရမ်းချဉ်တို့ စိုက်ပျိုးဖြစ်ထွန်းကာ မိမိအိမ် ဝမ်းစာသာမက ပိုလျှံစွာထွက်ရှိသောကြောင့် အများပြည်သူတို့ကိုပါ ရောင်းချနိုင်ခဲ့သည်။ သို့သော်လည်း စိုက်ပျိုးနည်းပညာနည်းပါးနေသေး၍ ပန်းမုန်လာ၊ ပန်းဂေါ်ဖီတို့ကို စိုက်ပျိုးနိုင်ခဲ့ကြခြင်း မရှိသေးပါ။ ယခုအခါ မုံရွာခရိုင် မအူလေးရွာဘက်မှထွက်ရှိသော ဂေါ်ဖီထုပ်များ ဖေဖော်ဝါရီ ၇ ရက်တွင် ဆားလင်းကြီးမြို့မဈေးသို့ သုံးဘီးဆိုင်ကယ် ကယ်ရီများဖြင့် လှိုင်လှိုင်ဝင်လာသည်။ ပန်းဂေါ်ဖီတစ်ထုပ်လျှင် ငွေကျပ် ၁၀၀ ဖြင့် ရောင်းချနေကြသည်။ ပန်းဂေါ်ဖီထုပ်ရောင်းချမှုနှင့် ပတ်သက်၍ မေးမြန်းစနည်းနာကြည့်ခဲ့ရာ ပန်းဂေါ်ဖီထုပ် ထွက်ရှိရာဒေသသို့ သွားရောက်၍ ဖောက်သည်ဈေး တစ်ထုပ်လျှင် ငွေကျပ် ၇၀ ဝယ်ယူပြီး ယခုကဲ့သို့ ငွေကျပ် ၁၀၀ ဖြင့်ပြန်လည်ရောင်းချရပါကြောင်း၊ ပန်းဂေါ်ဖီစိုက်တောင်သူတို့ အမြတ်နည်းသော်လည်း ဝယ်ယူစားသုံးသူတို့ ဈေးချိုချို စားသုံးနေကြရသဖြင့် ဝမ်းသာရပါကြောင်း ပြောပြသည်။ **ဦးငယ်(ဆားလင်းကြီး)**

ဖြူးမဟာစည်
ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ
ဓမ္မာစရိယ၊ ကမ္မဋ္ဌာနစရိယ၊
M.A, Ph.D (Thesis), INDIA

ဖြူးမြို့၊ မဟာစည်သာသနာရိပ်သာနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာနှစ်ခုတို့၏ ပဓာနနာယက ဘဒ္ဒန္တအဂ္ဂဝရသည် ၁၀-၂-၂၀၁၃ရက် (ပြာသိုလကွယ်နေ့) (တနင်္ဂနွေနေ့) တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ မြို့လယ်ဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်များ လာရောက်နာယူနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဖုန်း-၀၉-၅၃၉၀၄၁၇

ကလေးများနေ့ကိုကြိုဆိုလျက်
ဦးကျော်ဝေမျှ
ကလေးသူငယ်ဥပဒေအကြောင်း
(ထွက်ပြီ) သိကောင်းစရာ (ထွက်ပြီ)
မယ်နံ့ဗဟောင်စာပေ စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ။ ဖုန်း

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ ဒီ^၁၊ မြေကွက်အမှတ် V- ၁၂၅၊ ဧရိယာ ၀ ဒသမ ၀၂၈ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကြည့်မြင်တိုင်မြို့နယ်၊ ရုံးကြီးလမ်း၊ အမှတ် ၄၆ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးအောင် ၁၂/ကမတ(နိုင်)၀၇၅၄၄၉ အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၄၉၇/၂၀၁၂) ဖြင့် ရရှိသူ ကျန်လင်းရှောင်(ခ)ဦးမောင်မောင်ဝင်း ၁၂/လသန(ဧည့်)၀၀၀၆၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဈေးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် (LL.B)
ADVOCATE-4314
အမှတ် (၄၆/ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆-၃၀၇၀၄

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) **Studio Lighting System** **1 Lot**
(ခ) **6.6 KV VCB Panel** **1 Set**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၂-၂၀၁၃ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။
၅။ ဈေးနှုန်းစိစစ်မှုကို ၁၄-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်း
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

ပြည်တွင်းသတင်းနှင့်ဒေသဆောင်းပါး

မော်လမြိုင်တက္ကသိုလ်၌ အခြေခံစစ်ပညာသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး အမှတ် (၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်နှင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မော်လမြိုင် တက္ကသိုလ်ကျောင်းသားများ စစ်ပညာသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်တက္ကသိုလ်ပင်မဆောင် အခန်း ၁၅ ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားရရှိစေရန်အတွက် အခြေခံစစ်ပညာ၊ လက်နက်ငယ်၊ အနီးကပ်တိုက်ခိုက်နည်း၊ နည်းပညာဆိုင်ရာများ၊ စီမံခန့်ခွဲမှု၊ စခန်းချနည်း၊ အမိန့်နာခံမှုနှင့် စည်းကမ်းလိုက်နာမှုစသည့် သင်ခန်းစာများကို ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်စဉ်ကာလအတွင်း သင်တန်းသားများအား ဝတ်စုံနှင့် လစာများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် အခြေခံစစ်ပညာသင်တန်းသို့ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ၂၃ ဦးနှင့် ကျောင်းသား ၈၇ ဦး စုစုပေါင်း ၁၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နောင်မွန်းဒေသဖွံ့ဖြိုးရေးဆွေးနွေး

နောင်မွန်း ဖေဖော်ဝါရီ ၈

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ရဝမ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးဂွမ်ရိန်ဒီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက နောင်မွန်းမြို့သို့ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရဝမ်တိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုကော်မတီအဖွဲ့တို့နှင့်လည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်က နောင်မွန်းမြို့ပေါ် ရပ်ကွက်များမှ ဒေသခံပြည်သူများနှင့် လုံးမောင်ခန်းမ၌ လည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်က ကဆန်ခူးကျေးရွာ၊ ထုံလာကျေးရွာအုပ်စုနှင့်လည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်က ကွမ်လင်းအုပ်စု၊ ရပ်ဘော့အုပ်စု၊ ဂါတ်ထူအုပ်စု၊ လန်ဆာအုပ်စုများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသခံများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တင်ပြမှုကို ဝန်ကြီးက ပြန်လည် ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **(နောင်မွန်း)**

မြောက်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၈

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တစ်ပြည်လုံးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြဝတီရုပ်မြင်သံကြား

၉-၂-၂၀၁၃ (စနေနေ့)

နံနက်ပိုင်း

၇:၀၃	တရားတော်
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၁:၀၇	မျိုးချစ်တပ်မတော်
၁၁:၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သက်ဝင်လိပ်ပြာ** ကျော်ကျော်၊ နဝရတ် (ဒါရိုက်တာ-ဇော်ဆက်)
၁၃:၅၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနဲ့ချစ်သူ**(အပိုင်း-၁၉)

ညပိုင်း

၄:၂၀	မြန်မာပြည် မြောက်ဖျားဒေသများသို့ အလည်တစ်ခေါက်
၆:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆:၃၅	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၅၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာထက်က ဖန်ရဲတိုက်** (အပိုင်း-၂၄)
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
	- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- **Guadalcanal Diary**
	- (အပိုင်း-၁)
	- မြဝတီရုပ်မြင်သံကြားသတင်း
	- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှုတ်ဖျားထက်ကသစ္စာ** (အပိုင်း-၅၉)



မက်ဆီ နှစ်နှစ်ထပ်မံစာချုပ်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ၂၀၁၈ ခုနှစ် ဇွန်လအထိ ထပ်မံစာချုပ်ခဲ့ပြီးနောက် ၎င်း၏ ဘောလုံးသမားဘဝကို အာဂျင်တီးနားနိုင်ငံ၌ အဆုံးသတ်ဖွယ်ရှိကြောင်း အရိပ်အမြွက်ပြောကြားလိုက်သည်။ အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး မက်ဆီသည် နှစ်နှစ်ထပ်မံစာချုပ်လိုက်ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၁၂ ခုနှစ်အတွင်း သွင်းဂိုး ၉၁ ဂိုးဖြင့် တစ်နှစ်တာ ဂိုးအများဆုံးသွင်းယူမှု စံချိန်တင်ခဲ့သည်။ ယင်းဂိုးများသည် ဘာစီလိုနာနှင့် အာဂျင်တီးနားနိုင်ငံကိုယ်စားပြုပွဲများအတွက် သွင်းယူခဲ့သည့် ဂိုးများဖြစ်သည်။

ကာရေဂါနားလျှင် နည်းပြဖြစ်လာနိုင်

ယခုနှစ်ဘောလုံးရာသီကုန်လျှင် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်သည့် ကာရေဂါသည် အင်္ဂလန်လူငယ်နည်းပြများတွင် ထိပ်တန်းနည်းပြဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ ရွိုင်ဟော့ဆင်ကထောက်ခံပြောကြားလိုက်သည်။ အင်္ဂလန်နောက်တန်း ကစားသမားဟောင်း ကာရေဂါသည် ၁၆ နှစ်တာ ဘောလုံးကစားခြင်းကို မေလတွင် အဆုံးသတ်လိမ့်မည်ဟု ၎င်းက ဖေဖော်ဝါရီ ၇ ရက်တွင် ကြေညာသည်။ ၎င်းသည် လီဗာပူးနှင့်ပွဲပေါင်း ၇၀၀ ကျော်ကစားခဲ့သည်။

ချန်ပီယံလိဂ်ဗိုလ်လုပွဲလက်မှတ် ဈေးလျှော့ရောင်း

ယခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်း၌ ကျင်းပမည်ဖြစ်ရာ ရုံဝင်ခ လက်မှတ်ဈေးနှုန်းကို အချိုသာဆုံးဈေးနှုန်း သို့လျှော့ချမည်ဟု ယူအီးအက်ဖ်အေကကြေညာသည်။ လွန်ခဲ့သောနှစ်နှစ်က လက်မှတ်တစ်စောင် ၁၇၆ ပေါင်ရှိရာမှ ယခုနှစ်တွင် ပေါင်ငွေ ၆၈ ပေါင်ဖြင့် ရောင်းချပေးမည်ဟုဆိုသည်။

ဘရာဇီးကမ္ဘာ့ဖလား လမ်းပတ်ကစားလို

ဖရန့်လမ်းပတ်က အင်္ဂလန်ဘောလုံးသမားဘဝကို အဆုံးသတ်ရန် အစီအစဉ်မရှိသေးကြောင်း၊ လာမည့် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကစားရန် ဆန္ဒရှိကြောင်း ပြောကြားလိုက်သည်။အင်္ဂလန်နှင့်ဘရာဇီးတို့ ချစ်ကြည်ရေးပွဲတွင် အင်္ဂလန်က ဘရာဇီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီးနောက် လမ်းပတ်က ယင်းကဲ့သို့ ပြောကြားခဲ့သည်။

ကောင်းမြတ်သူ-ရေးသားသည်

ရန်ကုန် ဖေဖော်ဝါရီ ၈

အာဟာရဒါနကျွေးမွေး စာရေးကိရိယာများလှူဒါန်း

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်း အမက(၁၅)နှင့် ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၁၂၃၀ နှင့် သင်ကြားဆရာ ဆရာမများအား ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ဇနီးဒေါ်မြင့်မြင့်ကြည် မိသားစုတို့က နံနက်စာထမင်း၊ ဟင်း အာဟာရများဖြင့် ကျွေးမွေးလှူဒါန်းခဲ့သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလတ်ချောင်း အမက(၁၅)မှ စာသင်ခုံများ ပြုပြင်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ပြီး အဆိုပါကျောင်းနှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၂၃၀ တို့အတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၀၀ ကို ကျောင်းသားကျောင်းသူများလက်အရောက် ပေးအပ်လှူဒါန်းခဲ့သည်။**(အပေါ်ပုံ)**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မီး ဖို မီး အခြား မီး သုံးပြီးသတိ အမြဲရှိ

ပြင်ဆင်ဖတ်ရှုပါရန်

(၃-၂-၂၀၁၃) ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၃) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ ဒေါ်ခင်ခင်ဝေ (၁၀/ကမန(နိုင်) ၀၃၀၆၇၅) တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်သည့် ရှမ်းပြည်နယ် [illegible] ၊ သန့်ပန်းခြောင်း ရပ်ကွက်၊ [illegible] (၂-ဂ) အနောက်ပိုင်း ဦးပိုင်အမှတ်- (၈-ဂ)အစား (၈-ဘ) ဟု အမှန်ပြင်ဆင် ဖတ်ရှုပါရန်။

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာစီမံကိန်း (Snow Garden Housing)၊ မြေတိုင်းရပ်ကွက်အမှတ် ၅၂/၅၃၊ နှင်းဆီလမ်းသွယ် ၂ လမ်း၊ Block No.2E ကုမ္ပဏီမြေကွက်အမှတ် ၄၊ အိုးအိမ်မြေကွက်အမှတ် ၁၀၀၊ မြေဧရိယာစတုရန်းပေ ၂၄၀၈ ခန့်ရှိသော ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူများဖြစ်သော ဦးလှမင်းဟန် ၁၂/ပဘတ(နိုင်) ၀၁၈၁၂၉ နှင့် ဦးဟိန်းဇော်ထက် ၁/ဗမန(နိုင်)၀၄၈၉၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေး
တရားရုံးလွှတ်တော်ရှေ့နေ(၆၇၄၉)
အမှတ် ၃(B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၁၈၇၅

သတိပေးကန့်ကွက်တားမြစ်ခြင်း

ကျွန်ုပ်၏အမှုသည် ဦးခင်မောင်ဝင်း AE-၁၃၄၅၇၆၏ကိုယ်စား သမီး ဒေါ်မြတ်သီဂီ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကန့်ကွက်တားမြစ်အပ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် ၇ ဟုခေါ်တွင်သည့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂(ခ)၊မြေကွက်အမှတ် ၆/င၊ ဧရိယာ ၀ ဒသမ ၂၂၈ဧက (သုညဒသမနှစ်နှစ်ရှစ်ဧက)ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်ကို ဒေါ်ယဉ်ယဉ် ၉/မရမ(နိုင်)၀၄၆၄၀၉ (ကွယ်လွန်)၊ ဒေါ်ဝင်းမာဦး ၁၂/အစန(နိုင်)၁၆၇၆၉၅ (ကွယ်လွန်)၊ ဦးဝင်းထွဋ် ၁၂/မရက(နိုင်)၀၈၁၅၄၃တို့သုံးဦးအမည်ပေါက်ပိုင်ဆိုင်ခဲ့ကြပါသည်။ ဒေါ်ယဉ်ယဉ်(ကွယ်လွန်)သည် ဦးဝင်းထွဋ်နှင့် ဒေါ်ဝင်းမာဦး (ကွယ်လွန်)တို့၏မိခင်ဖြစ်ပါသည်။

ဒေါ်ဝင်းမာဦး (ကွယ်လွန်)တွင် အမွေဆက်ခံသူအဖြစ် ခင်ပွန်း ဦးခင်မောင်ဝင်းကျန်ရှိခဲ့ပါသည်။ ဦးခင်မောင်ဝင်းနှင့် ဒေါ်ဝင်းမာဦး(ကွယ်လွန်)တွင် သမီး ဒေါ်မြတ်သီဂီနှင့် ဒေါ်မြတ်နှင်းဦးတို့ထွန်းကားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်အပိုဒ်ပါ မြေကွက်ကြီးနှင့်မြေကွက်ပေါ်ရှိအိမ်တို့ကို ကျွန်ုပ်အမှုသည်၏သဘောတူခွင့်ပြုချက်မပါရှိပါဘဲ မည်သူတစ်စုံတစ်ဦးမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ မမှန်မကန်ဆောင်ရွက်ချက်တစ်စုံတစ်ရာပေါ်ပေါက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

ဦးဇော်မင်းစိန်
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၅၄၀၀၊ အိမ်ဖုန်း-၅၀၀၀၄၃၊ ၀၉-၅၁၇၅၁၁၇

အသိပေးကြေညာအပ်ပါသည်

ယာဉ်အမှတ် ၉ဂ/၈၂၄၁ ကယ်ဒီးနား ခဲရောင်နှင့်ပတ်သက်၍ ရောင်းဝယ်ပေါင်နှံခြင်း မလုပ်ရန် တားမြစ်သတိပေးအပ်ပါသည်။ ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဌေးဝင်း
၇/ကတခ(နိုင်)၀၄၅၀၅၄
ဒေါ်ဝင်းသိန်း
၇/ကတခ(နိုင်)၀၄၀၉၉၆
ဇေယျာညွှန့်ဆန်စက် ပဲခူးယ်ကုန်းမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၁၉၅၀၊ ဗဟိုရိစည် ၂ လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့နေ ကျွန်မ ဒေါ်မာမာအေး(ခ)မမာ၏သား မောင်ငြိမ်းချမ်းလင်း ၇/ပခန(နိုင်)၃၄၁၅၁၁သည် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မိခင်-ဒေါ်မာမာအေး(ခ)မမာ
၇/ပခန(နိုင်)၁၃၃၆၉၆

ဒေါ်မီမီကိုသိရှိရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အကွက်အမှတ် (၁၄၅ ထီးသိမ်ရွှေးမြောက်)၊ ဦးပိုင်အမှတ် (၈၂-ခ)ရှိ ဧရိယာ ၀ဒသမ၁၉၃ဧက၊ ဦးပိုင်အမှတ် ၉၄၊ ဧရိယာ ၀ဒသမ၀၈၄ဧကနှင့် အကွက်အမှတ် ၁၄၆၊ ဦးပိုင်အမှတ် ၁၆(က)၊ ဧရိယာ ၀ဒသမ၅၉၅ဧကရှိ မြေကွက်အား တောင်ကြီးမြို့၊ ဘုရားဖြူရပ်နေ ဒေါ်နန်းရွှေသစ်မှ ၂၀၁၁ခုနှစ်၊ ဩဂုတ်လတွင် မြေပုံ(၁၀၅)ရေးဆွဲခွင့်ပြုရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ဒေါ်မီမီကို (MMN-566284)က ကန့်ကွက်ခဲ့သဖြင့် ဤအသိပေးကြေညာသည့်ရက်မှစ၍ တစ်ပတ်အတွင်း ခိုင်လုံသောသက်သေအထောက်အထားနှင့်တကွ သက်ဆိုင်ရာသို့ လာရောက်ဖြေရှင်းရန်နှင့်လာရောက်ဖြေရှင်းခြင်းမရှိပါက တရားဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ဒေါ်မီမီကိုသိစေရန် အသိပေးကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့

ကန့်ကွက်ရန်ကြော်ငြာ

ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် (၅၆/၅၈)ဆ/အုံ(၂)၊ အခန်း ၄၀၂၏ မူလအမည်ပေါက် ဦးလှဦး ၁၂/လမန(နိုင်)၀၆၄၇၈၅ထံမှ ဒေါ်မြင့်မြင့်ခိုင် ၁၂/ထတပ(နိုင်) ၀၇၀၂၁၀က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

နိုင်ငံတကာအားကစားသတင်း

ခက်ခဲတဲ့ပုစ္ဆာတွက်ချက်အဖြေထုတ်ရဦးမယ့် မန်ယူရဲ့ပွဲစဉ် (၂၆)

ပရီမီယာလိဂ်ရဲ့မုန်တိုင်းထန်မယ့် သီတင်းပတ်အဖြစ် ပွဲစဉ် (၂၆)ကို ဖေဖော်ဝါရီ ၉ ရက်၊ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ ဖြတ်သန်းမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်ကတော့ တွဲဖက်ညီတဲ့ပြိုင်ဘက်တွေဖြစ်နေတဲ့အတွက် ရေကုန်ရေခန်းနွှဲကြရဦးမှာဖြစ်ပြီး ရင်သပ်ရှုမောဖွယ်ရာပြိုင်ဆိုင်မှုတွေကို တွေ့မြင်ကြရဦးမှာဖြစ်ပါတယ်။ မန်ယူတို့ ပွဲမချောင်သလို ချယ်လ်ဆီးတို့လည်း ရင်တမမနဲ့ကစားရမယ့် ပွဲစဉ်တွေဖြစ်နေတာမို့ ပရိသတ်ရဲ့ အားပေးမှုတွေကလည်း မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေကြမှာတော့ အမှန်ပါပဲ။

မန်ယူနှင့် အဲဗာတန်

ပထမအကျော့ပွဲစဉ်မှာ မန်ယူတို့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံထားတာမို့ ဒီပွဲမှာတော့ အဲဒီရှုံးကြွေးကို မန်ယူတို့ ပြန်ဆပ်ဖို့ကြိုးစားပါလိမ့်မယ်။ မန်ယူကွင်းမှာ အဲဗာတန်နဲ့ကစားတိုင်း နိုင်ပွဲရတတ်တဲ့ မန်ယူဟာ ဒီပွဲကိုလည်း အနိုင်ရလဒ်ပုံဖော်နိုင်အောင် စွမ်းဆောင်ပါလိမ့်မယ်။ ခြေစွမ်းတည်တည်ငြိမ်ငြိမ်နဲ့ အမှတ်တွေရယူနေတဲ့ မန်ယူဟာ ဒီပွဲကို အလေးအနက်ထားမကစားရင်တော့ မမျှော်လင့်တဲ့ရလဒ်ကို ပွေ့ပိုက်ရပါလိမ့်မယ်။ အဲဗာတန်ကလည်း ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေး ခြေကုန်ထုတ်ပြီး ခုခံကစားမှာမို့ မန်ယူဟာ ပြတ်သားတဲ့ရလဒ်ကို ရယူဖို့အတွက် အဓိကပွဲထွက် ကစားသမားတွေနဲ့ပဲတာထွက်ဖို့ ကြိုးစားပါလိမ့်မယ်။ အတိမ်းအစောင်းမခံမယ့် မန်ယူရဲ့ကြိုးစားအားထုတ်မှုအပေါ် ကိုပဲ အာရုံစိုက် အားပေးရမှာဖြစ်ပါတယ်။

ဆောက်သမ်တန်နှင့် မန်စီးတီး

မန်စီးတီးဟာ ဆောက်သမ်တန်နဲ့ဆိုတိုင်း ရှုန်းကန်ရလေ့ရှိပြီး ကံမကောင်းတတ်တာမို့ ဒီပွဲကို သေသေချာချာပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ ဆောက်သမ်တန်ဟာတန်းမဆင်းရေး အားကုန်ကြိုးစားမှာမို့ မန်စီးတီးတို့ ရင်ပူစရာဖြစ်စေမှာတော့ အမှန်ပါပဲ။ ဆောက်သမ်တန်ကွင်းမှာ မန်စီးတီးကို နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှတ်တမ်းကိုကြည့်ရင် တစ်ပွဲမှ နိုင်ပွဲမရခဲ့တာမို့ ဒီအစဉ်အလာကို ပြောင်းလဲပစ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ရော မန်စီးတီးပါ ရလဒ်တွေ မကောင်းနေတာမို့ ဒီပွဲမှာတော့ သုံးမှတ်အပြည့်ရယူဖို့ အပြိုင်ကြိုးစားပါလိမ့်မယ်။ ပွဲတိုင်း အနိုင်ကစားနိုင်မှဖလားမျှော်လင့်ချက် ထားနိုင်မယ့် မန်စီးတီးရဲ့ ပေါက်ကွဲမှုကိုပဲ အားပေးရမှာဖြစ်ပါတယ်။

ချယ်လ်ဆီးနှင့် ဝီဂန်

ချယ်လ်ဆီးအိမ်ကွင်းမှာ လာကစားတိုင်း အနိုင်ရလဒ် ဆိတ်သုဉ်းနေလေ့ရှိတဲ့ ဝီဂန်ဟာ တန်းဆင်းဇုန်က လွတ်မြောက်ဖို့အတွက် ပြင်းပြင်းထန်ထန်ရင်ဆိုင်ပါလိမ့်မယ်။ ဒါပေမယ့် အသင်းလိုက်ကစားအားကောင်းပြီး ပြိုင်ဘက်ကိုအမောဆိုက်အောင် ကစားအားခြေကာ အနိုင်ရအောင် ဖန်တီးနိုင်တဲ့ ချယ်လ်ဆီးအပေါ် ဝီဂန်တို့အနိုင်ရယူရေးဆိုတာ အိပ်မက်ဆန်လွန်းမှုဖြစ်တယ်။ ဒီပွဲမှာဝီဂန်တို့ရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ် ပြုရမှာဖြစ်ပေမယ့် ချယ်လ်ဆီးကို ဦးညွှတ်ရမယ့် အခြေအနေဖြစ်ပါလိမ့်မယ်။

စပါးနှင့် နယူးကာဆယ်

ပထမအကျော့ပွဲစဉ်မှာ နယူးကာဆယ်တို့က အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး စပါးကို သင်ခန်းစာပေးထားတာမို့ ဒီပွဲမှာတော့ အဲဒီရှုံးကြွေးကို ပြန်ဆပ်ဖို့ တာစူနေပြီဖြစ်ပါတယ်။ စပါးရဲ့အားထည့်ကစားနှုန်းက ပွဲပြီးချိန်အထိ ရာနှုန်းပြည့်ဖြစ်နေတတ်တာမို့ နယူးကာဆယ်အတွက် အသက်ရှူကျပ်စေမယ့် ပွဲပါပဲ။ စပါးကွင်းမှာလာကစားတဲ့ နောက်ဆုံးကစားတဲ့ သုံးပွဲမှာ နယူးကာဆယ်တို့ တစ်ပွဲမှအနိုင်မရထားတာမို့ အခုပွဲမှာလည်း နာကျင်ခံစားရမှုတွေနဲ့အတူ နယူးကာဆယ်တို့ အိမ်ပြန်ရဦးမှာဖြစ်ပါတယ်။

ဆန်းဒါးလန်းနှင့် အာဆင်နယ်

ပထမအကျော့ အာဆင်နယ်ကွင်းမှာ ဂိုးမရှိသရေပွဲ ဖြစ်ထားတာမို့ ဒီပွဲမှာ အာဆင်နယ်တို့ ကြိုးစားအားထုတ်မှုကောင်းမှ ရပါလိမ့်မယ်။ ဆန်းဒါးလန်းဟာ အိမ်ကွင်းမှာ စနစ်တကျ စုစည်းကစားတတ်တာမို့ အာဆင်နယ်တို့ အခက်အခဲနဲ့ ကြုံတွေ့ရမှာ သေချာနေပါတယ်။ ဆန်းဒါးလန်းကွင်းမှာ အာဆင်နယ်တို့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့မှတ်တမ်းမှာ တစ်ပွဲသာအနိုင်ယူထားနိုင်တာမို့ ဒီပွဲမှာ အာဆင်နယ်ပရိသတ်တွေ ရင်တမမနဲ့ အားပေးရမယ့်အခြေအနေပါပဲ။

လီဗာပူးနှင့် ဝက်စ်ဘရွန်း

ပထမအကျော့ပွဲစဉ်မှာ ဝက်စ်ဘရွန်းတို့က လီဗာပူးကို သုံးဂိုးပြတ်နဲ့ အနိုင်ယူထားတာမို့ လီဗာပူးတို့ မျက်နှာပျက်စရာ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ မိမိကွင်း၊ မိမိပရိသတ်ရှေ့မှာ လီဗာပူးတို့ပြန်လည် ချေမှုန်းနိုင်မလား ကြည့်ရမယ့်ပွဲပါပဲ။ သရေပွဲတွေများနေတဲ့ လီဗာပူးဟာ အခုပွဲအိမ်ကွင်းမှာ အမှတ်ပြည့်သိမ်းပိုက်ရေး ခြေကုန်ထုတ်မှာဖြစ်ပြီး ဝက်စ်ဘရွန်းကို အမှတ်ခွဲပေးဖို့ စိတ်ကူးရှိမှာတော့ မဟုတ်ပါဘူး။

ဗီလာနှင့် ဝက်စ်ဟမ်း

ဗီလာရဲ့အိမ်ကွင်းမှာ ဝက်စ်ဟမ်းလာကစားတိုင်း အသက်ရှူမှားမတတ် အားကုန်ထုတ်ခဲ့ရတာချည်းပါပဲ။ ဗီလာဟာ အမှတ်လိုအပ်နေတာမို့ ဒီပွဲရလဒ် ကောင်းအောင် အမာခံကစားသမားတွေအကုန်ထုတ်သုံးပါလိမ့်မယ်။ ဗီလာရဲ့အသင်းလိုက်ကြိုးစားအားထုတ်မှုတွေဟာ ပြိုင်ဘက်ကို အခက်အခဲဖြစ်စေတာမို့ ဒီပွဲမှာ ဝက်စ်ဟမ်းကို ကျောခိုင်းရဖွယ်တော့ ရှိနိုင်ပါတယ်။

မိုးမြင့်လင်းလက်-ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- လီဗာပူးနောက်ခံလူ မာတင်စကာတယ်သည် အသင်းဟောင်း ဇင်းနစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။ ဇင်းနစ်အသင်းသည် စကာတယ်အား ၂၀၀၈ ခုနှစ်က လီဗာပူးအသင်းသို့ ရောင်းချခဲ့ခြင်းဖြစ်သည်။
- မန်စီးတီးအသင်းသည် နာပိုလီအသင်းတိုက်စစ်မှူးကာဗာနီအား ခေါ်ယူရန်ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီကုန်၌ လီဗာပူးအသင်းရပ်တည်မှုအနေအထားကောင်းအောင် စွမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။
- ကိုရင်သီယန်ကွင်းလယ်ကစားသမား ပေါလင်ဟို ၂၄ နှစ်အား ချယ်လ်ဆီးက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- အာဆင်နယ်နည်းပြအာစင်ဝင်းဂါးသည် ပြင်သစ်ကွင်းလယ်ကစားသမား ကားပူးလ်အားခေါ်ယူရန် ထပ်မံကြိုးစားလျက်ရှိသည်။
- ဆန်တို့စ်အသင်းမှ လူငယ်တိုက်စစ်မှူး နေတန်အား ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေး ပေါင်ငါးသန်းပေးမည်ဟု ကမ်းလှမ်းထားသည်။ အသက် ၁၉ နှစ်အရွယ် နေတန်သည် နေမာလက်သစ်ဟု အမည်ပေးခံနေရသူဖြစ်သည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဝက်စ်ဘရွန်းတိုက်စစ်မှူး ပီတာအိုဒမ်ဝင်ဂီအား အငှားစာချုပ်ဖြင့်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- ဝီဂန်ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ကာသေးသည် လာမည့်နွေရာသီ၌ အသင်းမှထွက်ခွာမည်ဆိုသောသတင်းများကို ငြင်းဆိုလိုက်သည်။ မက်ကာသေးအား လီဗာပူးနှင့် အာဆင်နယ်တို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- အိုင်းယက်တိုက်စစ်မှူး ဗစ်တာဖစ်ကာသည် မန်ယူ၏စိတ်ဝင်စားမှုကို ခံခဲ့ရသော်လည်း စာချုပ်ချုပ်ဆိုနိုင်သည်အထိ မဖြစ်မြောက်ခဲ့ကြောင်း ဗစ်တာဖစ်က ပြောကြားသည်။
- မန်ယူနှင့်ယှဉ်ပြိုင်ရမည့် ချန်ပီယံလိဂ်ပွဲစဉ်အတွက် ယခုကတည်းက အားမွေးပြင်ဆင်ထားကြရန် နည်းပြမော်ရင်ဟိုက သူ၏ကစားသမားများကို သတိပေးလိုက်သည်။
- ချယ်လ်ဆီးနောက်ခံလူ အက်ရှ်လေကိုး ၃၂ နှစ်က အင်္ဂလန်အသင်းတွင် ပွဲပေါင်း ၁၀၀ ကျော်အထိ ကစားပေးလိုသောဆန္ဒဖြစ်ပေါ်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။
- အက်ရှ်လေကိုးသည် အင်္ဂလန်အသင်းတွင် ပွဲပေါင်း ၁၀၀ ပြည့်အဖြစ် ဘရာဇီးနှင့် ချစ်ကြည်ရေးပွဲတွင် ပါဝင်ကစားခဲ့ခြင်းကိုမည်သည့်အခါမျှ မေ့ပျောက်တော့မည်မဟုတ်ကြောင်း ပြောကြားသည်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဖေဖေ ဦးဟိန်းထက်အောင်(ခ)စိုင်းစိုင်း-မေမေ မထက်ဇေကရီ တို့၏ လာခြင်းကောင်း၍ ချစ်စဖွယ် သမီးဦးရတနာလေးအား ၈-၂-၂၀၁၃ရက် (သောကြာနေ့)တွင် ဝိတိုရိယဆေးရုံကြီး၌ အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်မိပါကြောင်းနှင့် သမီးလေး၏ ဘဝခရီးလမ်းတစ်လျှောက် သာယာချမ်းမြေ့မှုများနဲ့ အသက် (၁၂၀)တိုင်အောင် ချစ်သောမိသားစုများနှင့်အတူ ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

နှစ်ဖက်ဘိုးဘိုး-ဘွားဘွားများနှင့်

ချစ်သော ဦးဦးဝေယံ-အန်တီ မီးငယ်လေး

ချစ်ကိုကြီး Key Key (ခ) ဖိုးသဲ

ပျောက်ဆုံးကြောင်း

THREE LUCKY MAN Trading Co.,Ltd. မှ သွင်းကုန်လိုင်စင်အမှတ် WQIL 1 12136440 (11/01/2013) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇၀၀၃၆၃

လူပျောက်

ဦးမျိုးမြင့်၏သမီး မငြိမ်းငြိမ်းသူ အသက်(၂၀)သည် ၆-၂-၂၀၁၃ရက်တွင် အလုံမြို့နယ်နှင့် မ/ဥက္ကလာ အကူးတွင် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖြားယောင်းသွေးဆောင်ထားသူအား တရားဥပဒေအရ အရေးယူမည်။

ဆက်သွယ်ရန်-ဒေါ်လွင်လွင်ထိုက်(ခ)မီးမီး

ဈ/၈၈၀ ရော ၅ လမ်း၊ မ/ဥက္ကလာ၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၇၃၁၉၅၅၇၉၊ ၀၉-၇၃၀၁၈၇၉၁

၄၅/၁၂၂၄(မြောက်ဒဂုံ)မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အထက်ပါ ၄၅/၁၂၂၄ (မ/ဒဂုံ) ပေ(၄၀×၆၀) ပါမစ်မြေကွက်ကို အမည်ပေါက် ဦးတင်အောင်ကို(ဘ)ဦးစိန်ထွား ၁၂/မဂဒ(နိုင်)၀၀၆၇၈၃ ၏ ဇနီး ဒေါ်စိုးစိုးရီ ၁၂/ကမရ(နိုင်)၀၃၅၄၄၀ထံမှ ကျွန်တော် ဦးအောင်ကို ၁၂/အစန(နိုင်)၁၈၉၅၅၁က ငွေအကျေချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။

ဦးအောင်ကို

ဖုန်း-၀၉-၇၃၂၅၂၅၆

၀၉-၇၃၂၁၃၅၇၃

ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ ကျိုက်ဖနဲလမ်း၊ အမှတ် ၃၇၊ အကွက်(၂)၊ ဦးပိုင် ၂၆၉၊ ဧရိယာ ၀ဒသမ၀၆၈ဧကရှိ မြေကွက်သည် (၁-က)အရ ကေရာမ္မာန်ဆာမိ အမည်ပေါက် နှစ်၃၀ အငှားဂရန် (၅/၁၂/၅၀-၅၁)ဂရန်မူရင်းသည် ပျောက်ဆုံးလျက်ရှိပြီး ကေရာမ္မာန်ဆာမိ၏ တစ်ဦးတည်းသောသား ဦးဖေဝင်းသာရှိခဲ့ပြီး ကေရာမ္မာန်ဆာမိနှင့်ဇနီး၊ ဦးဖေဝင်းနှင့်ဇနီး အသီးသီး ကွယ်လွန်ခဲ့သဖြင့် ကျန်ရှိသည့် ကျွန်တော်ဦးတင်ဝင်း၊ ဒေါ်တင်လှ၊ ဦးဖေစန်းတို့က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ တရားရုံး၏ ကျမ်းကျိန်လွှာတို့နှင့်အတူ တင်ပြ၍ အမွေဆက်ခံစာချုပ်/အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း သက်ဆိုင်ရာရုံးဌာနနှင့် ကျွန်ုပ်တို့ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးတင်ဝင်း ၁၂/ဗတထ(နိုင်)၀၁၈၄၆၇၊

ဒေါ်တင်လှ ၁၄/ဟသတ(နိုင်)၀၁၇၇၉၅၊

ဦးဖေစန်း ၁၀/မလမ(နိုင်)၀၃၄၄၉၂

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ သမိုင်းကွင်းအမှတ် ၂၄၊ ဦးပိုင်အမှတ်၁၂၊ ၅ဒသမ၅၈၁ဧက အကျယ်အဝန်းရှိမြေသည် လွန်ခဲ့သော ၁၀နှစ်ခန့်မှစ၍ ရန်ကုန်တိုင်းဒေသကြီး တရားရုံးတော်မှ လေလံဆွဲဝယ်ယူထားသော မြေဖြစ်ပြီး တရားဥပဒေနှင့်အညီ ဦးအိုက်လင်းက တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ၎င်းမြေနှင့်ပတ်သက်၍ ဦးအိုက်လင်း၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် အကျိုးစီးပွားပျက်စီးစေရန် ရည်ရွယ်၍ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ သတင်းမီဒီယာများထံ မမှန်မကန် ပြောဆိုသတင်းပေးခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ ပြုမူဆောင်ရွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအိုက်လင်း

၁၃/တကန(နိုင်)၀၂၄၉၈၈

ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊

နန်းထိုက်တော်ဝင်စားသောက်ဆိုင်၊

တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သဘာဝပတ်ဝန်းကျင်မြတ်နိုးချစ်ခင်သူတို့ရဲ့ ကြွပ်ကြွပ်အိတ်ကောက်ပွဲ

သူတို့တစ်တွေက ပျက်စီးလွယ် ပလတ်စတစ်လက်အိတ်တွေကို ကိုယ်စီစွပ်ပြီး မြင်မြင်သမျှ တွေ့သမျှ ကြွပ်ကြွပ်အိတ်တွေနဲ့ ပလတ်စတစ်အမှိုက်တွေကို လိုက်ကောက်နေကြတာပါ။ ဧရာဝတီမြစ်ကမ်းနားဘေး၊ မြို့ပေါ် ရပ်ကွက်တွေထဲနဲ့ ဈေးထဲမှာပါမကျန် လိုက်ကောက်ကြတယ်။ အဲဒီလို ကောက်ရင်းက ကြွပ်ကြွပ်အိတ်ရဲ့ ဆိုးကျိုးတွေကို ရေးထားတဲ့ လက်ကမ်းကြော်ငြာလေးတွေကိုလည်း ဖြန့်ဝေကြသေးတယ်။ မြင်ကွင်းကတော့ အင်မတန်မှ မင်္ဂလာရှိပါတယ်။ အနှစ်နှစ်အလလက ဖြေရှင်းဖို့အခက်အခဲတွေဖြစ်နေတဲ့ ကြွပ်ကြွပ်အိတ်ပြဿနာဟာ ဒီအဖွဲ့နဲ့တွေ့မှပဲ နိဂုံးချုပ်ရမယ့် အခြေအနေကိုရောက်သွားပါပြီ။ အဖွဲ့အင်အားကလည်း မနည်းလှဘူး။ ပြီးတော့ ပညာတတ်လူငယ်တွေ၊ မိန်းကလေး၊ ယောကျ်ားလေးပေါင်း ၃၀၀ လောက်ရှိတယ်။

ရည်မှန်းဒေသကတော့ ရွှေဘိုမြို့ရဲ့အရှေ့ ၁၇ မိုင်အကွာမှာရှိတဲ့ ကျောက်မြောင်းမြို့နယ်ခွဲမှာပါ။ သန့်ရှင်းသာယာလှပတဲ့ မြို့တစ်မြို့လည်းဖြစ်စေဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အခုလို ပလတ်စတစ်အမှိုက်တွေကို ရှင်းလင်းနေတာပါ။ နောက်တစ်ခုကလည်း ဒီပလတ်စတစ်အမှိုက်တွေရဲ့ ဆိုးကျိုးတွေကို ပြည်သူတွေသိအောင် ပညာပေးလှုံ့ဆော်တဲ့သဘောလည်း ပါပါတယ်ဆိုပြီး Wcom computer က ဦးဆောင်သူ လူငယ်နှစ်ဦးဖြစ်တဲ့ ဦးဝဏ္ဏထွန်းနဲ့ ဦးကျော်ကိုကိုတို့က ပြောပြပါတယ်။ ဒီအစဉ်အစီကိုတော့ ကျောက်မြောင်းမြို့နယ်ခွဲက ရွှေအိုးစာကြည့်တိုက် အမှုဆောင်အဖွဲ့နဲ့ အသင်းသားများ ပူးပေါင်းပြီး ဆောင်ရွက်တာလို့ သိရပါတယ်။ ပလတ်စတစ်ကောက်ပွဲမကျင်းပမီ တစ်ရက်ကြိုတင်ပြီး ဖေဖော်ဝါရီ ၄ ရက်က ရွှေအိုးစာကြည့်တိုက် တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အောင်မြေသီရိခန်းမမှာ စာပေဟောပြောပွဲ ကျင်းပခဲ့ပါတယ်။ စာရေးသူအပါအဝင် ရွှေဘိုခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘလွင်ဦး၊ ဦးဝဏ္ဏထွန်း၊ ဦးကျော်ကိုကို၊ ဒေါက်တာတင်ဝင်း၊ စာရေးဆရာ အောင်ဖုန်းညိုတို့ သက်ဆိုင်ရာခေါင်းစဉ်အသီးသီးနဲ့ ဟောပြောခဲ့ကြပါတယ်။ တက်ရောက်လာကြတဲ့ ပရိသတ်ကလည်း ခန်းမနဲ့ အပြည့်ပါပဲ။

ဖေဖော်ဝါရီ ၅ ရက် နံနက် ၆ နာရီကစပြီး ကြွပ်ကြွပ်အိတ်တွေ၊ ပလတ်စတစ်အိတ်တွေကောက်ကြတာ ညနေ ၅ နာရီအထိပါပဲ။ Wcom computer center ရွှေဘိုနဲ့ မုံရွာ အသင်းဝင်တွေက မုံရွာကနေကျောက်မြောင်းအထိ မှန်လုံကားတွေနဲ့လာပြီး ကျောက်မြောင်းမှာရှိတဲ့ ရွှေအိုး စာကြည့်တိုက်အသင်းဝင်တွေနဲ့ ပူးပေါင်းပြီး ကြွပ်ကြွပ်အိတ်ကောက်ပွဲကြီးလုပ်ကြတာပါ။

ကျောက်မြောင်းမြို့ပေါ်က ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနဲ့ ပြည်သူတွေကလည်း ပူးပေါင်းကူညီကြပါတယ်။ ပြည်သူတွေက သူတို့ရဲ့ ကိုယ်ပိုင်ကားကြီးတွေကို အမှိုက်ပစ်ဖို့အတွက် လာရောက်ကူညီကြသလို အာဏာပိုင် အဖွဲ့အစည်းကလည်း အမှိုက်ပစ်ဖို့အတွက် နေရာသတ်မှတ်ပေးပါတယ်။ ဒီနေရာမှာ တစ်ခုဆင်ခြင်မိပါတယ်။ အခုလိုပဲ မြန်မာပြည်တစ်ဝန်းမှာ အစိုးရနဲ့ပြည်သူမြဲကြည်ဖြူပြီး ပါဝင်လက်တွဲလာတာဟာ ပွင့်လင်းမြင်သာခြင်းရဲ့ အသီးအပွင့်လို့ဆိုရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် အတုယူစရာ၊ လေးစားစရာ ဖြစ်တဲ့အတွက် ဂုဏ်ပြုရေးသားလိုက် ရခြင်းဖြစ်ပါတယ်။

ဦးကျော်ဇော(လှသီပွဲ၊ရွှေဘို)

ပြည်ထောင်စုနေ့အကြို ဟောပြော နယ်လှည့်နံရံကပ်စာစောင်ပြသ

ထားဝယ် ဖေဖော်ဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ဇလွန်းကျေးရွာ မူလွန်ကျောင်း၌ ဖေဖော်ဝါရီ ၇ရက် နံနက် ၉ နာရီက (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲနှင့် နယ်လှည့်နံရံကပ်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများတက်ရောက်ကြသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မူမူအေးက(၆၆)နှစ်မြောက်ပြည်ထောင်စုနေ့ အကြိုဟောပြောချက်များ ပြောကြားပြီး ကျောင်းသား ကျောင်းသူများ ဉာဏ်စမ်းပဟေဠိ မေးခွန်းများမေးမြန်းပြီး ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးအား အလှူရှင်များက စာအုပ်စာစောင်များ လှူဒါန်းပြီး ကျောင်းသားကျောင်းသူများက စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲအားကြည့်ရှုအားပေးကြသည်။

(အပေါ်ယာပုံ)(ခရိုင် ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်အတွင်း နေ့စဉ်သွားလာနေသော ခရီးသွားပြည်သူများသွားလာရေးအဆင်ပြေစေရန်နှင့် ခေတ်မီမြို့တော်ကြီးဖြစ်စေရန်အတွက် ခုံးကျော်တံတားကြီး သုံးစင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါတံတားသုံးစင်းအနက် ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်နေသည့် လုပ်ငန်းခွင်နှင့် ဆက်စပ်နယ်မြေဖြစ်သော ကမ္ဘာအေးဘုရားလမ်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံရှေ့ရှိ ယာဉ်ကြောများကို ယာဉ်ကြောတစ်ကြောသာဖွင့်ပေးနိုင်သဖြင့် တံတားတည်ဆောက်နေစဉ်ကာလအတွင်း သည်းခံ၍ စနစ်တကျသွားလာကြရန် ကြိုတင်မေတ္တာရပ်ခံအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သွေးသည်အသက်

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

၈ည/၄၅၅၉ Khaing Khaing L/T ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်းဝင်း ၅/ရဘန(နိုင်)၁၈၀၈၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (တိုင်းဒေသကြီးရုံးခွဲဦးစီးမှူး)
ရွာသာကြီး၊ ရန်ကုန်မြို့

ဆရာဒွေး အင်္ဂလိပ်စာ

နေ့ခုလ

Ph: 01-375970, 0951 72096, 0950 47516

ပျောက်ဆုံးခြင်း

ကျွန်တော် Andaman Club Co.,Ltd. ၏ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ကတ်ပြားမူရင်း ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၅၆၂၆၈၇၊ ၅၇၂၅၃၅

အာရှနဂါး

ချောင်းသာ/ငွေဆောင်

နံနက်/ည

Ph : 703790,09-861-9008
707062,09-861-7770

B.Sc နိုင်ဝင်း

TV,LCD TV, PLASMA TV
PROJECTOR, 2'UBC&AUDIO

09 73098630

ကျေးဇူးတင်လွှာ

ကျွန်တော်/ကျွန်မတို့၏ မြေးရတနာ သမီးဦးရတနာလေးကို ၈-၂-၂၀၁၂ရက် (သောကြာနေ့) တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံကြီး၌ အောင်မြင်ကျန်းမာစွာဖြင့် မွေးဖွားပြီးဖြစ်ပါသည်။ သမီးဦးရတနာလေးအား အောင်မြင်ကျန်းမာစွာဖြင့် မွေးဖွားပေးခဲ့သော သားဖွားနှင့် မီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးသိန်းမြင့်သူ၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဗိုလ်မှူးကြီး ဒေါက်တာဒေါ်ကေသီထွန်း၊ မေ့ဆေးပါရဂူ ပါမောက္ခ ဒေါက်တာ ဦးကိုကိုကြီးနှင့် ဝိတိုရိယဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ တာဝန်ရှိဝန်ထမ်းများ၊ ဝိတိုရိယ မိသားစုများအားလုံးကို အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သော-ဘိုးဘိုး၊ ဘွားဘွားများနှင့်

ဖေဖေ-ဟိန်းထက်အောင်(ခ)စိုင်းစိုင်း၊ မေမေ-ထက်ဧကရီ

မိတ္ထီလာမြို့၏ သင်္ကေတအမှတ်တရ ကရဝိက်ဖောင်တော်ဦးစေတီတော်



မိတ္ထီလာမြို့တွင် သမိုင်းဝင်ကန်တော်ကြီးရှိသည်။ သမိုင်းဝင်ကန်တော်ကြီးကို ရှေးမြန်မာမင်း (၁၇) ဆက်တို့က တည်ထား ဆည်ဖို့ပြုပြင်ခဲ့သည်။ ထိုရှေးမြန်မာမင်း(၁၇)ဆက်ထဲတွင် ပုဂံခေတ် အလောင်းစည်သူမင်းကြီးလည်းပါဝင်သည်။အလောင်းစည်သူမင်းကြီးသည် ကောဇာသက္ကရာဇ် ၄၇၄ ခုနှစ်တွင် မိတ္ထီလာကန်တော်ကြီးကို ဆည်ဖို့ပြုပြင်ခဲ့သည်။ အလောင်းစည်သူ မင်းကြီးသည် မိတ္ထီလာကန်ကို ဆည်ဖို့ပြုပြင်ရင်း မြို့မလေးရပ်ကွက် ဆိုင်တန်းနယ်မြေတွင် မြို့တွင်း ဆုတောင်းပြည့်ဘုရား၊ သိမ်တော်ကုန်းရပ်တွင် ရွှေမြင်မိစေတီ၊ မိတ္ထီလာမြို့မြောက်ဘက် ငါးမိုင်အကွာ သဖန်းရွာတွင် သားဖန်ဆုတောင်းပြည့်စေတီ၊ ကန်တောင်ရွာတွင် လောကထိပ်ပန်စေတီ၊ နွားစမ်းတောင်ရွာတွင် ရွှေလက်လှစေတီ၊ မိတ္ထီလာမြို့ ဆိုင်တန်းရပ်ကွက်တွင် ရွှေဘုံသာစေတီ၊ ဈေးရပ်ကွက်တွင် အတွင်းရွှေကျောင်းစေတီ၊ အပြင်ရွှေကျောင်းစေတီနှင့် မိတ္ထီလာမြို့ မင်းရပ်မြောက်ကန်၏ အရှေ့ဘက်ကမ်းနဖူးတွင် ဖောင်တော်ဦး ဆုတောင်းပြည့်စေတီတို့ကို တည်ထားကိုးကွယ်ခဲ့သည်။

အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဖောင်တော်ဦးစေတီမှာ ကိုးတောင်ပြည့်ဆုတောင်းပြည့်စေတီတော်ဖြစ်သည်။ မြောက်ကန်မင်းရပ်ကမ်းနဖူးတွင် အလောင်းစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော ကိုးတောင်ပြည့်စေတီတော်မှာ ထုံးဖြူဖြူဖွေးဖွေးဖြင့် မိုးရွာ အစို၊ နေပူ အခြောက်ဖြင့် သပ္ပာယ်စွာ ဖူးတွေ့ကြရသည်။ ကိုးတောင်ပြည့် ဆုတောင်းပြည့် ဖောင်တော်ဦးစေတီအား ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် မြို့လူထုက စေတီတော်ကိုင်၍ တန်ဆောင်းတော် ဆောက်လုပ်လှူဒါန်းခဲ့သည်။ တန်ဆောင်းတော်မှာ အလျားပေ ၂၂၀၊ အနံ ၅၈ ပေရှိ ဘုံငါးဆင့်ဖြင့် ဆောက်လုပ်လှူဒါန်းထားသော တန်ဆောင်းတော် ဖြစ်သည်။

မိတ္ထီလာမြို့ မင်းရပ်မြောက် ကမ်းနဖူးရှိ ဆုတောင်းပြည့်စေတီတော်အား ၂၀၀၃ ခုနှစ်တွင် ကန်ရေပြင်အလှဖြင့် ပိုမိုတင့်တယ်လှပပြီး မြို့၏ ဂုဏ်ကျက်သရေဆောင်အဖြစ် အများပြည်သူ ကြည်ညိုသဒ္ဓါတရား ပွားများစေရန် ဖောင်တော်ဦးစေတီတော် တန်ဆောင်းတော်ကို ကရဝိက် တန်ဆောင်းတော်အဖြစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ငွေကျပ်သိန်းပေါင်း ၃၅၀၀ အကုန်အကျခံ၍ အလျားပေ ၃၁၀၊ အနံပေ ၇၀ ရှိ တန်ဆောင်းတော်ကြီးကို တည်ဆောက်ပြုပြင်ခဲ့ရာ ၂၀၁၀ ခုနှစ်တွင် ရွှေကရဝိက် တန်ဆောင်းတော်အဖြစ် ကန်ရေပြင်အလှနှင့် အထူးကျက်သရေရှိပြီး လှပတင့်တယ်စွာ တွေ့မြင်ကြရသည်။

မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကန်ကူးတံတားအရှေ့ဘက်ထိပ်တွင် ဖောင်တော်ဦးစေတီ ရွှေကရဝိက် တန်ဆောင်းတော်ကြီးကို ဘွားခနဲ တွေ့မြင်ကြရသူအပေါင်းမှာ အထူးအံ့သြပြီး ကန်ရေပြင်အလှနှင့် လိုက်ဖက်စွာ တွေ့မြင်ကြရသည်။

ယခုအခါမိတ္ထီလာမြို့၏ သင်္ကေတအမှတ်အသားအဖြစ် ဖောင်တော်ဦး ရွှေကရဝိက် တန်ဆောင်းတော်ကို ဂုဏ်ယူဝင့်ကြွားစွာ တွေ့မြင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ကိုတင်လှိုင်(မိတ္ထီလာ)

ပိုးသတ်ဆေးနှင့်မြေသြဇာ ဥပဒေလုပ်ထုံးလုပ်နည်း ဆွေးနွေး

မန္တလေး ဖေဖော်ဝါရီ ၈

တောင်သူများအား ကိုယ်စားပြုပြီး ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီခြင်းနည်းလမ်းများဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တောင်သူများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ဖို့အတွက် လယ်ယာလုပ်ငန်းခွင်တွင် သွင်းအားစုများဖြစ်သည့်အရည်အသွေးပြည့်မီ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများကို မှန်မှန်ကန်ကန် ထိထိရောက်ရောက် သုံးစွဲနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ပိုးသတ်ဆေးဥပဒေ၊ မြေသြဇာဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ အရည်အသွေးမှန်ကန်သော ဓာတ်မြေသြဇာ ပိုးသတ်ဆေးများ အသုံးပြုလာနိုင်စေရန်အတွက် မန္တလေးမြို့တွင် အရည်အသွေးစစ်ဆေးသော ခေတ်မီဓာတ်ခွဲခန်းများကိုလည်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သန်းက ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပိုးသတ်ဆေးနှင့် မြေသြဇာဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲမှ တာဝန်ရှိသူများက ပိုးသတ်ဆေးဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ ပိုးသတ်ဆေးနှင့် မြေသြဇာ ရောင်းချသည့်လုပ်ငန်းရှင်များ၊ တောင်သူဦးကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သတင်းမီဒီယာများစုစုပေါင်း ၁၄၆ ဦးတက်ရောက်ကြသည်။

တင်မောင်(မန္တလေး)

စည်ပင်နယ်နိမိတ်အတွင်းမှ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်စခန်းသို့ပြောင်းရွှေ့ကြရမည်ဟုဆို

မန္တလေး ဖေဖော်ဝါရီ ၈

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ကုန်တင်ဂိတ်များ ဖွင့်လှစ်လုပ်ကိုင်နေသော ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း အားလုံးသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အသစ်ဆောက်လုပ်ပြီးဖြစ်သည့် ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ် ရပ်နားစခန်း (စွယ်တော်)သို့ ဂိတ်ခန်းများ ဝယ်ယူ၍ဖြစ်စေ၊ ငှားရမ်း၍ ဖေဖော်ဝါရီ ၅ ရက်မှ ၁၅ ရက်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်ကြရမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်းမရှိဘဲ မြို့တွင်း၌ ဂိတ်ခန်းများ ဆက်လက် ဖွင့်လှစ်လုပ်ကိုင်ခြင်းများ စစ်ဆေးတွေ့ရှိပါက စည်ပင်သာယာရေး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်၍ အထက်ဖော်ပြပါ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ် ရပ်နားစခန်း(စွယ်တော်)သို့ ကုန်တင်ဂိတ်များ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သုံးတန်နှင့်အထက် ယာဉ်များသည် (က) မြောက်ဘက်ကမ်းနားနှင့်မြို့ပတ်လမ်းဆုံ(ညောင်ကွဲ)မှ မြို့ပတ်လမ်းအတိုင်း ကျွဲရေကုန်းအထိ၊ (ခ) အရှေ့ဘက်ကျွဲရေကုန်းလမ်းမှ မြို့ပတ်လမ်းအတိုင်း မန္တလေး-ပြင်ဦးလွင်ကားလမ်းနှင့် ၄၈ လမ်းဆုံအထိ၊ ၎င်းမှ မနော်ဟရီလမ်းအတိုင်း အင်းခရုလမ်းဆုံအထိ၊ ၎င်းမှ စက်မှုပန်းခြံလမ်းမှ ရန်ကုန်-မန္တလေးလမ်းဆုံအထိ၊ (ဂ) တောင်ဘက် စက်မှုပန်းခြံနှင့် ရန်ကုန်-မန္တလေးလမ်းဆုံမှ မန္တလေး-ရန်ကုန်လမ်းအတိုင်း တံခွန်တိုင်လမ်းခွဲအထိ၊ (ဃ) အနောက်ဘက် တံခွန်တိုင်လမ်းခွဲမှ တိုင်းဒေသကြီး ဦးစီးမှူး သစ်တောဦးစီးဌာန ရုံးလမ်းအတိုင်း ကပ်ကျော်လမ်းခွဲ၊ ၎င်းမှ ရှမ်းကလေးကျွန်း၊ ၎င်းမှ ကမ်းနားလမ်းအတိုင်း ညောင်ကွဲအထိ ဖော်ပြပါ နယ်မြေဧရိယာအတွင်း သုံးတန်နှင့်အထက်ယာဉ်များ ဝင်ရောက်လာပါက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း နှိုးဆော်ထားသည်။

(မန်းကိုကို)

ညောင်ဦးတွင် ကျောက်မှုန့်မြေသြဇာ ကြဲပက်သရုပ်ပြ

ညောင်ဦး ဖေဖော်ဝါရီ ၈

ညောင်ဦးခရိုင်တွင် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မြေပဲသီးနှံစွယ်ချချိန်တွင် (Gypsum)ကျောက်မှုန့်မြေသြဇာ ထည့်သွင်းသုံးစွဲခြင်းအားဖြင့် ပန်းပွင့်နှုန်းကောင်းခြင်း၊ စွယ်ချနှုန်းကောင်းခြင်း၊ အစေ့အဆန်ပြည့်ဖြိုးခြင်း၊ ဆီထွက်ရာနှုန်းကောင်းခြင်းနှင့် တစ်ဧကအထွက်နှုန်းမြင့်မားစေခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်းကို တောင်သူများအား အသိပညာပေးဆွေးနွေးခြင်းနှင့် သရုပ်ပြကြဲပက်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်က ရွှေတွင်းကျေးရွာ တောင်သူဦးခင်စိုး၏ ယာမြေဧက ၂ ဒသမ ၅၀ ၌ ကျင်းပသည်။

ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဆောင်းရာသီကာလတွင် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်ဧရိယာတွင် အထွက်ကောင်း ဆင်းပဒေသာ ၁၁ မြေပဲမျိုးအသုံးပြု၍ မျိုးသန့်အကွက်ကျယ် စံပြကွက် ၁၀ ဧကကို စံပြအဖြစ် စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်မှ ခရိုင်နှင့်မြို့နယ်ဆေးရုံများရှိ ဆေးစတိုများနှင့် ခွဲစိတ်ခန်းများတွင် တပ်ဆင်ရန် လေအေးစက် (1.5HP) များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်**- ၁၄-၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၁-၂-၂၀၁၃ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
အငြိမ်းစားဝန်ထမ်းများသိသာစေရန်

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် အငြိမ်းစား လစာထုတ်ယူခဲ့သည့် ဝန်ထမ်းများအား တိုးမြှင့်ပင်စင်လစာ ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်ဆက်သွယ်သတင်းပို့ရန်ကျန်ရှိသော အငြိမ်းစားဝန်ထမ်းများ ရှိနေသေးပါသဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း(အထွေထွေစီမံခန့်ခွဲရေးဌာန)၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံးလာရောက်ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒုအထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး)
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကိုဆန်း ၉/ကပတ(နိုင်)၂၃၇၁၉၇၏ နိုင်ငံကူးလက်မှတ် A-၂၇၇၂၀၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

မောင်ကိုဆန်း ဖုန်း-၀၉-၄၀၂၆၄၆၀၄၀

တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ စိမ်းမြသာယာလမ်း၊ အမှတ် ၁၄ နေ ဦးအောင်ငွေး-ဒေါ်တင်မာဝင်း(ခ)ဒေါ်ရွှေစာတို့၏သား မောင်ချမ်းငြိမ်းအောင်(ခ) မောင်ကျော်ကြား ၉/အမဇ(နိုင်)၀၂၀၇၃၄နှင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နေ မနှင်းအေးလှိုင် ၉/ပမန(နိုင်) ၁၆၉၅၇၇တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ၈-၁-၂၀၁၁ ရက်တွင် နှစ်ဖက်မိဘ စုံလင်စွာစေ့စပ်ကြောင်းလမ်းပြီး ၂၆-၂-၂၀၁၁ ရက်တွင် လက်ထပ်မင်္ဂလာပွဲပြုလုပ်၍ အကြင်လင်မယားအဖြစ် ယနေ့အထိပေါင်းသင်းလျက် ရှိပါသဖြင့် ကျွန်မ မနှင်းအေးလှိုင်သာလျှင် တရားဝင်ဇနီးမယားဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မနှင်းအေးလှိုင် ၉/ပမန(နိုင်)၁၆၉၅၇၇
ဖုန်း-၀၉-၄၃၁၅၂၇၅၃

ကလေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးတက္ကသိုလ် သတ္တမအကြိမ်ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံနှင့်စည်းကမ်းကို စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲတွင် ရယူပြီး ၁၄-၂-၂၀၁၃ရက် မွန်းလွဲ(၂း၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သင်တန်းရေးရာဌာန၊ ဖုန်း- ၀၇၃-၂၁၄၆၇၊ ၂၁၃၄၄လိုင်းခွဲ(၂၀၆)နှင့်ဘဏ္ဍာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးထံတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ကလေးတက္ကသိုလ်

ဖခင်အမည်မှန်

တောင်ငူမြို့နယ်၊ မဟာင်ကျေးရွာနေ မသူဇာနွယ် ၇/တငန(နိုင်)၁၄၅၉၅၃ B.A (Myan)၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်စိန် ၇/တငန(နိုင်)၀၀၆၁၇၄ဖြစ်ပါသည်။

ဖခင်- ဦးမောင်မောင်စိန်(မဟာင်ကျေးရွာ)

အမည်ပြောင်း

ဦးသူရအောင်၏သား ဗဟန်းမြို့နယ်၊အမက(၃)၊ပထမတန်း၊ (ဂန္ဓမာခန်း)မှမောင်သုတအောင်အားမောင်သုတဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သုတ**

ဖခင်အမည်မှန်

ပေါင်းတည်မြို့၊ မင်းကွက်(၁)ရပ်ကွက်၊ ၁၃ လမ်းနေမနီနီဝင်း၏ဖခင်အမည်မှန်မှာ ဦးထွန်းရှိန်(ခ)ဦးတင်ရှိန် ၇/ပတတ(နိုင်) ၀၅၁၈၁၉သည် တစ်ဦးဖြစ်ပါကြောင်း။

ဦးထွန်းရှိန်(ခ)ဦးတင်ရှိန်

အမည်ပြောင်း

ဦးသန့်ဇင်လတ်၏သမီး ပျဉ်းမနားမြို့၊ အထက(၁)ပဉ္စမတန်း အခန်း(A)မှ မဟန်စုဝေအား မဖြူသန့်မွန်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

မဖြူသန့်မွန်

9-2 (15).pmd 1 2/8/2013, 11:14 PM

ကြော်ငြာ

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF TRANSPORT
DEPARTMENT OF CIVIL AVIATION

Announcement of Prequalified Firms for Yangon International Airport Project

1. The Prequalification Evaluation Committee formed by the Ministry of Transport has evaluated the prequalification documents submitted by nineteen applicants for the Yangon International Airport Project and has selected the best qualified eleven firms based on (a) financial strength (b) experience record (c) qualified personnel and (d) equipment resources.

2. Accordingly, the Department of Civil Aviation, Ministry of Transport hereby announce the following list of firms which are prequalified to submit tenders for the Yangon International Airport Project.

No.	Reg. No.	Leading Firm	Consortium	Country
1	003	Invest Import AD	Invested Import	Serbia
			Airport Nikola Tesla Belgrade JSC	Serbia
			Ooo Pi	Russia
			Planum Limited	Cyprus
			Energoprojekt – Industrija AD	Serbia
			Deneza M Engineering Ltd.	Serbia
			Shwe Taung Development	Myanmar
2	005	Toyota Tsusho Corporation	Toyota Tsusho Corporation	Japan
			Central Japan International Airport Co., Ltd.	Japan
			Aung Thaung Co., Ltd.	Myanmar
3	008	Vinci Airport	Vinci	France
			Muhibbah	Malaysia
			Shwe Taung Development	Myanmar
4	010	ITNL International Pte.,Ltd	ITNL International Pte Limited.	Singapore
			IL&FS Transportation Networks Limited	India
			Dublin Airport Authority	Ireland
			Htoo Construction Development Group Co.,Ltd	Myanmar
			Larsen & Toubro Limited	India
5	011	ACO Investment Group Co.,Ltd.	ACO Investment Group LLC	USA
			Myint Mo Oo General Services Co., Ltd.	Myanmar
			Mckinsey & Company, Inc	Hong Kong
			The MITRE Corporation	USA
			Unison Consulting, Inc	USA
			Fentress Architects	USA
			Burns & McDonnell Engineering Co., Ltd.	USA
6	012	Incheon Airport Consortium	Incheon International Airport Corporation	Korea
			Kumho Industrial Co, Ltd.	Korea
			Halla Engineering and Construction Corporation	Korea
			AI Construction Co.,Ltd.	Myanmar
7	013	Okkar Thiri	Okkar Thiri Co.,Ltd.	Myanmar
			Flughafen Munchen Gmbh (Munich Airport) & MUC	Germany
			Essar Projects (India) Ltd.	India
			Shihlin Electric & Engineering Corporation	Taiwan
8	014	Pioneer Aerodrome Services	Pioneer Aerodrome Services Co., Ltd.	Myanmar
			China Harbour Engineering Co., Ltd.	China
			CPG Consultant Pte Ltd.	Singapore
			Malaysia Airport consultancy Services Sdn. Bhd	Malaysia
9	017	Sojitz Corporation	Sojitz Corporation	Japan
			Maeda Corporation	Japan
			Japan Airport Terminal Co., Ltd.	Japan
			New Kansai International Airport Co., Ltd.	Japan
			Five Oceans Company Ltd.	Myanmar
10	020	Bouygues Batiment-First Pacific-Yoma FM	Bouygues Batiment	France
			First Pacific	Hong Kong
			First Myanmar Investment	Myanmar
			Yoma Strategic Holdings	Singapore
11	025	Yongnam-CAPE-JGC Consortium	Yongnam Holdings Limited	Singapore
			JGC Corporation	Japan
			Changi Airport Planners and Engineers Pte,Ltd.	Singapore
			Pac Link Trading Ltd.	Myanmar

Note: *The list is in order of the registration number of the firms at the time of purchase of prequalification documents from the Department of Civil Aviation.*

3. The Department of Civil Aviation will inform in writing to each of the firms in the above list the date and terms and conditions for purchase of the tender documents.

TRAVEL KING
Travels & Tours
PTSCL Group
Feb 12/18/23
Mar 23
Apr 11/12/13

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

ရက်စွဲ။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်

ကြေညာချက်(၀၁၀/၂၀၁၃)

ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်

ကြေညာခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ (၂၀၁၁-၂၀၁၂)ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် ဝိဇ္ဇာဘွဲ့ကြိုသင်တန်းများ၊ နိုင်ငံခြားဘာသာစကား ဒီပလိုမာအချိန်ပိုင်းသင်တန်းများ Post-graduate Diploma in English (CHRD) နှင့် Diploma in English(CHRD) ဘွဲ့/ဒီပလိုမာ စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး တက်ရောက်ဘွဲ့ယူရန် လျှောက်ထားကြသူများအတွက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်-

ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်

(က)အစမ်းလေ့ကျင့်ပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက် - ၂၀-၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန် - ၀၉း၀၀နာရီ
ကျင်းပမည့်နေရာ - မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့်အစီအစဉ်

(၁) ၂၁-၂-၂၀၁၃ ရက် (ကြာသပတေးနေ့) ၉း၀၀နာရီ (နံနက်ပိုင်း)
- ဝိဇ္ဇာဘွဲ့
  တရုတ်(Chi-III-1 to Chi-III-51)၊ အင်္ဂလိပ်(Engl-III-1 to Engl-III-82)နှင့် ပြင်သစ်(Fren-III-1 to Fren-III-42)အထိ
- နိုင်ငံခြားဘာသာစကားဒီပလိုမာ(အချိန်ပိုင်း)
  တရုတ်(CP-IV-1 to CP-IV-13)နှင့်
- Postgraduate Diploma in English Course
  No.19(PGDE-Adv-II-1 to PGDE-Adv-II-84),
  No.20(PGDE-Adv-II-1 to PGDE-Adv-II-123),
  No.21(PGDE-Adv-II-1 to PGDE-Adv-II-54)&
  No.22(PGDE-Adv-II-1 to PGDE-Adv-II-82)အထိ
- Diploma in English Course
  No.28(DE-Adv-1 to DE-Adv-163),
  No.29(DE-Adv-1 to DE-Adv-87)&
  No.30(DE-Adv-1 to DE-Adv-125)အထိ

(၂) ၂၁-၂-၂၀၁၃ ရက် (ကြာသပတေးနေ့) ၂း၀၀နာရီ(မွန်းလွဲပိုင်း)
- ဝိဇ္ဇာဘွဲ့
  ဂျာမန်(Ger-III-1 to Ger-III-41)၊ ဂျပန်(Jap-III-1 to Jap-III-53) ကိုရီးယား(Kor-III-1 to Kor-III-43)နှင့် ရုရှား(Russ-III-1 to Russ-III-26) အထိ
- Postgraduate Diploma in English Course
  No.23(PGDE-Adv-II-1 to PGDE-Adv-II-40),
  No.24(PGDE-Adv-II-1 to PGDE-Adv-II-121)&
  No.25(PGDE-Adv-II-1 to PGDE-Adv-II-47)အထိ
- Diploma in English Course
  No.31(DE-Adv-1 to DE-Adv-57),
  No.32(DE-Adv-1 to DE-Adv-276)&
  No.33(DE-Adv-1 to DE-Adv-85)အထိ

အစမ်းလေ့ကျင့်ပွဲအခမ်းအနားအစီအစဉ်

၂၀-၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀နာရီ၊ မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ
(၁) ဝိဇ္ဇာဘွဲ့အထူးပြုများအားလုံး
(၂) နိုင်ငံခြားဘာသာစကားဒီပလိုမာ(အချိန်ပိုင်း)အထူးပြုများအားလုံး
(၃) Postgraduate Diploma in English Course (CHRD) အားလုံး
(၄) Diploma in English Course (CHRD) အားလုံး

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူသူများအတွက် ဘွဲ့ဝတ်ရုံငှားရမ်းခွင့်ထောက်ခံစာများ၊ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့် ဧည့်လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း One Stop Service System ဖြင့် ထုတ်ပေးမည်ဖြစ်သည်-

နေ့ရက် - ၁၃-၂-၂၀၁၃ ရက်မှ ၁၅-၂-၂၀၁၃ ရက်အထိ
အချိန် - နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိတစ်ကြိမ်
မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိတစ်ကြိမ်
နေရာ - သီရိရတနာခန်းမ

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူမည့်အမျိုးသားများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်ဖြစ်ရမည်)(သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်ဖြစ်ပါသည်။

(သန့်ဇင်)
ဌာနမှူး
သင်တန်းရေးရာဌာန
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

ကြော်ငြာ

ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခွင့် တင်ဒါခေါ်ယူခြင်း

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့ကျင်းပမည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်း လျှောက်ထားလိုသူများသည် ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၂၁-၂-၂၀၁၃ရက်တွင် တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနနှင့် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန၊ ဖုန်း-၅၈၅၀၇၅၊ ၀၉-၇၃၂၄၀၀၈တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်ပုံရိုက်ကူးခွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရန်ကုန်စီးပွားရေးတက္ကသိုလ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို Turn Key Tender (နိုင်ငံခြားငွေ)ဖြင့် ဝယ်ယူရန် ၃-၂-၂၀၁၃ရက်ထုတ် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများတွင် ကြေညာထားခြင်းအားလုပ်ငန်းအခြေအနေအရ ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ၆၆/၁၁ကေဗွီ၊ ၂၀အမ်ဗွီအေ ကျောက်ဖြူဓာတ်အားခွဲရုံတည်ဆောက်ခြင်း။

(၂) ၂၃၀ကေဗွီ၊ ကျောက်ဖြူ GT ကျောက်ဖြူဓာတ်အားလိုင်း(၇)မိုင်တည်ဆောက်ခြင်း။

(၃) ၂၃၀ကေဗွီ၊ ကျောက်ဖြူ GT ဓာတ်အားခွဲရုံတွင် ၆၆ကေဗွီ ကျောက်ဖြူမြို့ Switch Bay (၁)ခု တိုးချဲ့တည်ဆောက်ခြင်း။

RIVER VIEW HOTEL
20% Discount
28.2.2013 ထိ
No.374, Strand Road, Botahtaung Tsp, Yangon, Myanmar.
Tel : 95-01-296731, 95-01-297355

First Choice Travel & Tour
February 16 / 17, March 16 / 24, April 10 / 11 / 12 / 13
09-5171301, 09-421069966, 09-73059081

ကလေးတက္ကသိုလ်
သတ္တမအကြိမ်မြောက်ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

ကလေးတက္ကသိုလ် သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ခွင့်လျှောက်ထားကြသော ကျောင်းသား ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ပထမပိုင်း	၂၂-၂-၂၀၁၃ရက်(သောကြာနေ့) နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)	
	မဟာဝိဇ္ဇာဘွဲ့(၂၀၀၅)	-ဒဿနိကဗေဒ
	မဟာဝိဇ္ဇာဘွဲ့(၂၀၀၅)	-ဓာတုဗေဒ၊ ရူပဗေဒ
	ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၂၀၀၈)	-ဒဿနိကဗေဒ
	သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၀၈)	-ဓာတုဗေဒ
	ဝိဇ္ဇာဘွဲ့(၂၀၀၉)	-အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ
	သိပ္ပံဘွဲ့(၂၀၀၉)	-ရူပဗေဒ
	*အစမ်းလေ့ကျင့်မည့်ရက် ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၉း၀၀နာရီ	
ဒုတိယပိုင်း	၂၂-၂-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)	
	မဟာသုတေသနဘွဲ့	-ဒဿနိကဗေဒ၊ ဓာတုဗေဒ
	မဟာသိပ္ပံဘွဲ့(၂၀၀၅)	-သတ္တဗေဒ
	သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၀၈)	-သတ္တဗေဒ
	ဝိဇ္ဇာဘွဲ့(၂၀၀၉)	-မြန်မာစာ
	သိပ္ပံဘွဲ့(၂၀၀၉)	-ဓာတုဗေဒ၊ သတ္တဗေဒ
	*အစမ်းလေ့ကျင့်မည့်ရက် ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၉း၀၀နာရီ	
တတိယပိုင်း	၂၃-၂-၂၀၁၃ရက်(စနေနေ့) နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)	
	မဟာဝိဇ္ဇာဘွဲ့(၂၀၀၅)	-အင်္ဂလိပ်စာ
	မဟာသိပ္ပံဘွဲ့(၂၀၀၅)	-ရူပဗေဒ
	ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၂၀၀၈)	-ပထဝီဝင်
	သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၀၈)	-ရူပဗေဒ
	ဝိဇ္ဇာဘွဲ့(၂၀၀၉)	-ပထဝီဝင်၊ သမိုင်း
	သိပ္ပံဘွဲ့(၂၀၀၉)	-ရူပဗေဒ
	*အစမ်းလေ့ကျင့်မည့်ရက်၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂း၀၀နာရီ	
စတုတ္ထပိုင်း	၂၃-၂-၂၀၁၃ရက်(စနေနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)	
	မဟာသိပ္ပံဘွဲ့(၂၀၀၅)	-သင်္ချာ၊ ဘူမိဗေဒ
	သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၀၈)	-သင်္ချာ၊ ဘူမိဗေဒ
	သိပ္ပံဘွဲ့(၂၀၀၉)	-သင်္ချာ၊ ဘူမိဗေဒ
	*အစမ်းလေ့ကျင့်မည့်ရက်၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂း၀၀နာရီ	

၂။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းမြေတင်ပြီး အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	ဘွဲ့ဝတ်စုံများငှားရမ်းခွင့်ထောက်ခံစာများနှင့် တက်ရောက်ခွင့်ပြုလက်မှတ်များ ထုတ်ပေးမည့်ရက်
၂၂-၂-၂၀၁၃ရက်	၂၀-၂-၂၀၁၃ရက်
၂၃-၂-၂၀၁၃ရက်	၂၀-၂-၂၀၁၃ရက်

၃။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကလေးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနသို့ လည်းကောင်း၊ ဖုန်း-၀၇၃-၂၁၆၅၇၊ ၂၁၃၄၄ လိုင်း၃ ၂၀၆သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(အောင်အောင်ခိုး)
ဌာနမှူး၊ သင်တန်းရေးရာဌာန
ကလေးတက္ကသိုလ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းစခန်း၊ ဘိလပ်မြေစက်ရုံများနှင့် ရန်ကုန်စက်တိုက်မှ စီမံကိန်းနေရာများသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။	တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်	- ၁၁-၂-၂၀၁၃ရက်
၃။	တင်ဒါပိတ်မည့်ရက်	- ၁၅-၂-၂၀၁၃ရက်
၄။	တင်ဒါပိတ်မည့်အချိန်	- ၁၄း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
